www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

ပန်းခင်းလမ်းပေါ်က

# ဂျူငယ်ခရီးသည်

မောင်ဒိုင်ခန့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု

လူငယ်စာပေ ဒုတိယဆုရ

# ပန်းခင်းလမ်းပေါ်က လူငယ်ခရီးသည်

မောင်နိုင်ခန့်

စီစဉ်တည်းဖြတ်သူ - ဒေါ်ခင်ဝါဆွေ (ဝါဝါ-အင်းစိန်)

မျက်နှာဖုံးဝန်းချီ - ညီညီ

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၅၀၀

တန်ဖိုး ( ၄၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေး စာတည်းမှူးချုပ်က
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့်ထုတ်ဝေသည်။

## ဒို့တာဝန်အရေးသုံးပါး

- ✠ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ✠ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ✠ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## [illegible]

- ✠ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✠ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✠ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✠ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စာရေးသူအမှာ | |
| ၂။ | အညာခရီးသွား | ၁ |
| ၃။ | ပရိမ္မရွာသား ကျွန်စစ်သား | ၉ |
| ၄။ | ရွှေပေါင်လောင်ဘုရားသို့ | ၁၉ |
| ၅။ | မဟာလှရည်ချွန် ရွှေပြည်ဝန်ကြီး | ၂၆ |
| ၆။ | သက်ထဆရာတော်ကြီး၏ ဇာတိရွာ | ၄၃ |
| ၇။ | မြှောင်မှသည် မြောင်သို့ | ၆၃ |
| ၈။ | ရတနာပုံ တိရစ္ဆာန်ဥယျာဉ် | ၇၅ |
| ၉။ | ယောမင်းကြီး အုတ်ကျောင်းတော် | ၈၄ |
| ၁၀။ | ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ရုပ်တုနှင့် အထိမ်းအမှတ်ဗိမာန် | ၉၀ |
| ၁၁။ | မဟာဩဘ်မုနိဘုရားကြီး | ၁၀၂ |
| ၁၂။ | စခန်းမဝေးပေါင် မန္တလေးတောင် | ၁၁၃ |
| ၁၃။ | ကုသိုလ်တော်ဘုရား | ၁၁၉ |
| ၁၄။ | မြနန်းစံကျော် ရွှေနန်းတော် | ၁၂၇ |
| ၁၅။ | မှီငြမ်းကိုးကားသည့် စာအုပ်စာတမ်းများ | |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ့အမှာ

လူငယ်ဟူသည် အလင်းအားမြင့်မားစွာဖြင့် ထွန်းလင်းတောက်ပနေသည့် နေမင်းကြီးနှင့် တူသည်။

နေမင်းကြီးသည် အရှေ့မှ အနောက်သို့သာ သွားလေ့ရှိသည်။ အနောက်မှအရှေ့သို့ ပြန်သွားလေ့မရှိပေ။ ထို့အတူ လူငယ်တို့သည် အသစ်အသစ်သော ဘဝအတွေ့အကြုံများဖြင့် လူကြီးဘဝသို့သာ ရောက်ရှိသွားသည်။ လူကြီးဘဝမှ လူငယ်ဘဝသို့ ပြန်လည်ရောက်ရှိလေ့မရှိပေ။

'ယနေ့လူငယ် နောင်ဝယ်လူကြီး' ဆိုစကားကဲ့သို့ ယနေ့လူငယ်များသည် နောင်အနာဂတ်၏ ခေါင်းဆောင် ကောင်းများဖြစ်လာစေရန် ထိန်းသိမ်းပြုပြင်လမ်းပြပေးမည့်အရာမှာ စာပေပင်ဖြစ်သည်။

ယခုအခါ လူငယ်စာပေပြုစုရေးသားသူ စာရေးဆရာနှင့် ထုတ်ဝေသူများမှာ တစစစ ရှားပါးလာပြီ ဖြစ်သည်။ လူငယ်စာပေပြုစုရေးသားသူ စာရေးဆရာအချို့ကပင် လူငယ်စာပေဟူသည် ပညာပေးဝတ္ထုလောက်မျှသာဟုပင် ထင်မှတ်နေသည်။ စကားပြေနှင့် ပညာပေးဆောင်းပါး၊ ဝတ္ထုရှေးရုံမျှကိုပင် လူငယ်စာပေဟု အဓိပ္ပာယ် ဖွင့်ဆိုနေကြသည်။

ယနေ့ခေတ်လူငယ်များသည် ခေတ်နှင့်လျော်ညီစွာ တိုးတက်ပြောင်းလဲလာသည်။ ဗိဇ္ဇာ သိပ္ပံလူငယ်ဆိုင်ရာ သုတစာပေများကို မျှော်လင့်နေကြသည်။ လူငယ်များအတွက် စကားပြေ ဝတ္ထုများဖြင့် ရသစာပေရေးသားသူများနှင့် ပညာဗဟုသုတ ပေးနိုင်သည့် သုတစာပေရေးသားသူများမှာ အနည်းငယ်မျှသာ ရှိသဖြင့် လက်ရေချိုး၍ပင် ရေတွက်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့အတူ ရသနှင့် သုတနှစ်မျိုးစလုံးပေးစွမ်းနိုင်သည့် လူငယ်များအတွက် သုတရသစာပေသည် ရှားပါးနေပြီဖြစ်သည်။ အထူးသဖြင့် သုတရသနှစ်မျိုးစလုံးပေးနိုင်သည့် လူငယ်ဆိုင်ရာ ခရီးသွားစာပေမှာ မရှိသလောက်ဖြစ်သည်။

မြန်မာ့စာပေသမိုင်းတွင် လူငယ်ဆိုင်ရာ သုတစာပေအဖြစ် သတ်မှတ်ထားသည့် ကျောင်းသုံးစာအုပ်များအနက် ဆရာမကြီး ဒေါ်စောရင် ရေးသားပြုစုသည့် 'မြန်ပြည်တစ်ခွင် ခရီးစဉ်' စာအုပ်သည် လူငယ်ခရီးသွားစာပေအဖြစ် အထင်အရှားရှိခဲ့သည်။

မြန်မာနိုင်ငံတွင် လူငယ်စာပေထုတ်ဝေရေးနှင့် ပတ်သက်၍ စာပေဗိမာန်သည် စံပြ ဖြစ်သည်။ နှစ်စဉ်မပြတ် စာပေဗိမာန် စာမူဆုပြိုင်ပွဲ ထွက်ပေါ်လာသည့် လူငယ်စာပေဆုရ စာအုပ်များ မှန်မှန်ထွက်ရှိနေသည်။ သို့သော် လူငယ်ဆိုင်ရာ ခရီးသွားစာပေကိုမူ ရေးသားပြုစုနည်းပါးသဖြင့် မရှိသလောက် ရှားပါးနေပြီဖြစ်သည်။

သို့ပါ၍ စာရေးသူအနေဖြင့် မြန်မာစာပေလောကတွင် လူငယ်ဆိုင်ရာ ခရီးသွားစာပေ ပြန်လည်ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်၍ **"ပန်းခင်းလမ်းပေါ်က လူငယ်ခရီးသည်"** စာမူကို ရေးသားပြုစုလိုက်ရခြင်းဖြစ်ပေသည်။

**မောင်ခိုင်ခန့်**

# အညာခရီးသွား

ကျွန်မနာမည်က ခင်ရတနာဖြစ်သည်။

ကျွန်မတွင် မောင်လေးတစ်ယောက်ရှိသည်။ မောင်လေး အမည်က မောင်သန့်ရာဇာဖြစ်သည်။ ကျွန်မသည် အဌမတန်းတွင် ပညာသင်ကြားနေသည်။ မောင်လေးက ပဥ္စမတန်းကျောင်းသားဖြစ်သည်။ ကျွန်မတို့မောင်နှမ နှစ်ယောက်စလုံး လှိုင်မြို့နယ် အ. ထ. က (၃) တွင် ပညာသင်ကြားနေကြသည်။

ဖေဖေက အညာသားဖြစ်သည်။

စစ်ကိုင်းတိုင်း၊ မြောင်မြို့တွင် မွေးဖွားခဲ့သည်။ ယခုအခါ ရန်ကုန်တွင် အခြေချ နေထိုင်လျက်ရှိသည်။

ဖေဖေသည် ကျွန်မတို့မိသားစု စားဝတ်နေရေးအတွက် စာပေရေးသားခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုလျက်ရှိသည်။

ဖေဖေက ကျွန်မတို့မောင်နှမနှစ်ယောက်ကို ဆုံးမရာတွင် ဘိုးဘိုး၏စကားမပါလျှင် မပြီး။ ဘိုးဘိုး၏စကားကို အမြဲထည့်ပြောလေ့ရှိသည်။

"သမီးတို့ သားတို့၊ မင်းတို့ဘိုးဘိုးပြောသလို ပြောရရင် လူလိုနေချင် လူလိုနေကြ၊ ခွေးလိုနေချင် ထင်သလိုနေကြလို့ ပြောရမှာပဲ။ လူဆိုတာ အသိဉာဏ်ရှိတယ်။ အဆင့်အတန်းရှိတယ်။ ပါးစပ်နဲ့ ပြောဆိုဆုံးမလို့ရတယ်။ တိရစ္ဆာန်တွေလို ခွေးတွေလိုဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ အသိဉာဏ်နည်းတယ်၊ အမှတ် သညာနည်းတယ်။ အဲဒီတော့ ခဏခဏရိုက်နှက်ဆုံးမရတယ်။ အဲဒီတော့ ဖေဖေက ငါ့သား ငါ့သမီးတွေကို တိရစ္ဆာန်တွေလို ခွေးတွေလို ရိုက်နှက်မဆုံးမချင်ဘူး၊ လိမ်လိမ်မာမာနေကြရအောင်"

ဖေဖေက ကျွန်မတို့အား ဆုံးမလျှင် ပါးစပ်နှင့်သာ ဆုံးမတတ်သည်။ ထို့အတူ စာရေးဆရာပီပီ စာအုပ်များ ဖတ်ခိုင်း၍ ဆုံးမတတ်သည်။ ဖေဖေက ကျွန်မတို့ကို ဒဏ်ပေးသည့်အနေနှင့် တစ်နေကုန် စာဖတ်ခိုင်းတတ်သည်။

ဖေဖေ၏ စာရေးဆရာအလုပ်က ဝင်ငွေမကောင်း။

သို့သော် ဂုဏ်ယူစရာ အလွန်ကောင်းသည်။

ကျွန်မတို့မောင်နှမနှစ်ယောက်ကို စာရေးဆရာသမီး၊ စာရေးဆရာသားဟု ခေါ်ကြသည်။ ထို့အတူ ကျောင်းက ဆရာ၊ ဆရာမများကလည်း စာရေးဆရာသမီး၊ စာရေးဆရာသားဟုသာ ခေါ်ကြသည်။

ဖေဖေ၏ စာရေးဆရာဟူသော ဂုဏ်ပုဒ်ကြောင့် ကျွန်မတို့ မောင်နှမမှာ မျက်နှာပွင့်ကြရသည်။ ဂုဏ်ယူစရာ ဖြစ်ခဲ့ရသည်။

"သမီး ညည်းအဖေ အမျိုးသားစာပေဆု ရတယ်ဟ၊ ခုနက မှ တီဗွီက သတင်းကြေညာသွားတာ"

"ဟုတ်ရဲ့လား ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်သမီးရဲ့၊ ငါကိုယ်တိုင် နားနဲ့ဆတ်ဆတ်ကြားရတာ"

"ဟေး၊ ဖေဖေဆုရပြီကွ၊ ဒါမှ တို့ဖေဖေကွ"

ဦးထွန်းက သေသေချာချာပြောမှ ယုံသွားသည်။ ကျွန်မ



ဝမ်းသာလွန်း၍ မျက်ရည်များကျမိသည်။ ဦးထွန်းပြန်သွားသည်။

ကျွန်မတို့မောင်နှမနှစ်ယောက်မှာ ဝမ်းသာ၍ ထခုန်ကြသည်။ အော်ဟစ်မိကြသည်။ မကြာမီ ဖေဖေ ပြန်ရောက် လာသည်။

"ဖေဖေ၊ ဖေဖေ အမျိုးသားစာပေဆုရတယ်ဆို"

"ဟုတ်တယ်၊ သမီးနဲ့ သား"

"ဝမ်းသာလိုက်တာ ဖေဖေရယ်"

ကျွန်မတို့ မောင်နှမနှစ်ယောက်စလုံး ဖေဖေ့ကို ဟီးလေးခိုစီးမိကြသည်။

"ဖေဖေ၊ အမျိုးသားစာပေဆုရတာ ငွေဘယ်လောက်ရမှာလဲ"

"ဘယ်လောက်ရရပေါ့ကွယ်၊ ငွေကအရေးမကြီးဘူး၊ ဆုရတယ်ဆိုတဲ့ဂုဏ်က အရေးကြီးတယ်သမီးရဲ့၊ အမျိုးသား စာပေဆုရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး"

ထိုညက ကျွန်မတို့မိသားစုအားလုံး ဝမ်းသာနေကြသည်။

ကျွန်မမှာ တော်တော်နှင့် အိပ်မပျော်။ ဖေဖေဆုရသည့် ငွေနှင့် ဆွဲကြိုးလေးဝယ်ခိုင်းမည်ဟု စိတ်ကူးမိသည်။

ကျွန်မနည်းတူ မောင်လေးသန့်ရာက နာရီဝယ်ခိုင်း မည်ဟုပြောသည်။

ဒီဇင်ဘာလထဲတွင် စာဆိုတော်နေ့ကျသည်။

ထိုနေ့တွင် အမျိုးသားကဇာတ်ရုံတွင် သွားရောက်၍ ဖေဖေဆုယူရသည်။

ဖေဖေ့ဆုပေးပွဲသို့ ကျွန်မတို့မိသားစုအားလုံး တက်ရောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၊ စင်မြင့်ပေါ်တွင် ဆုယူနေစဉ် ကျွန်မမှာ ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျမိသည်။

ကျွန်မသည် ယခင်က စာရေးဆရာသမီးဖြစ်ရတာ ဆင်းရဲလိုက်လေခြင်းဟု အမြဲတွေးမိခဲ့ပါသည်။ ယခု ဖေဖေ ဆုယူနေမှသာ ဆင်းရဲခံရတာ တန်ဖိုးရှိလေခြင်းဟု အောက်မေ့မိသည်။ သတိရမိတော့သည်။

မျက်ရည်များနှင့်အတူ ကျွန်မ၏လက်ခုပ်သံများက မြည်ဟီးနေသည်။ မောင်လေးသန့်ရာဇာလည်း ကျွန်မ နည်းတူခံစားရမည်ထင်သည်။

ဝမ်းသာ၍ ကျခဲ့သည့်မျက်ရည်များကို ကျွန်မ မသုတ်ခဲ့ပါ။

ဖေဖေဆုယူပြီးသည့်အခါ ကျွန်မတို့အငှားကားစီး၍ ပြန်ခဲ့ကြသည်။

အမျိုးသားစာပေဆု ဂုဏ်ပြုလက်မှတ်နှင့် ငွေသားကျပ်တစ်သိန်းရသည်။

ဆုယူပြီးပြီးချင်း ဖေဖေကအိမ်သို့တန်းမပြန်။

ရွှေတိဂုံဘုရား တောင်ဘက်မုခ်သို့ သွားသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဝင်ရောက်ဖူးမြော်ကြသည်။

ထို့နောက် တောင်ဘက်စောင်းတန်းမှ ဗုဒ္ဓရုပ်ပွား ဆင်းတုတော် တစ်ဆူ ဝယ်ယူပူဇော်သည်။

“သမီးနဲ့သား၊ ဖေဖေ့ဆုရတဲ့ပိုက်ဆံဟာ အသန့်ရှင်းဆုံးမို့ ဟောဒီ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို ဝယ်ယူပြီး အမွေပေးတာ၊ ဗုဒ္ဓဘုရားရှင်ကို အစဉ်သတိရစေဖို့ တရားအမွေပဲဆိုပါတော့”



ကျွန်မတို့အိမ်တွင် ရုပ်ပွားဆင်းတုတော်မရှိ။ စက္ကူကားချပ်သာရှိသည်။ ဖေဖေ့စိတ်ကူးကောင်းသဖြင့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ဖူးမြော်ခွင့်ရရှိခဲ့သည်။

ဘုရားရှိခိုးကန်တော့တိုင်း ဖေဖေဆုယူသည့်နေ့ကို လည်း သတိရနေမိသည်။

ကျွန်မတို့အိမ်တွင် ဘုရားအနေကဇာတင်သည့်နေ့က ဖေဖေကဘဝတူ စာရေးဆရာများကိုဖိတ်၍ မုန့်ဟင်းခါး ကျွေးခဲ့သည်။

ထို့နေ့က ကျွန်မတို့အိမ်တွင် လူစည်ကားသဖြင့် မောင်နှမ နှစ်ယောက်ပျော်ရွှင်နေကြသည်။

ဖေဖေ့တွင် ဆုရထားသည့်ငွေများ ကျန်သေးသည်။ သို့အတွက် ကျွန်မတို့မောင်နှမ နှစ်ယောက်က စိတ်ကူး ကိုယ်စီကို အကောင်အထည်ဖော်ကြသည်။

“ဖေဖေ၊ သမီးကို ဆွဲကြိုးလေးတစ်ကုံး ဝယ်ပေးပါနော်”

“သားလည်းနာရီလိုချင်တယ် ဖေဖေ”

ဖေဖေက ကျွန်မတို့မောင်နှမနှစ်ယောက်၏ တောင်းဆိုမှုကို အတန်ငယ်စဉ်းစားနေသည်။

ဖေဖေက ကျွန်မတို့ မောင်နှမနှစ်ယောက်၏ စကားကို လက်မခံ၊ ငြင်းပယ်ခဲ့သည်။

“ဒီမယ် သမီးနဲ့သား ဖေဖေပြောတာ သေချာ နားထောင်ကြ၊ အခု သမီးတို့ သားတို့ တောင်းဆိုကြတာတွေ၊ ဝယ်ခိုင်းကြတာတွေဟာ ရုပ်ဝတ္ထုပစ္စည်းတွေချည်းပဲ။ အမှန်တကယ် လိုအပ်နေတာ စိတ်ဓာတ်ပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဆိုလိုတာက ဒီလိုပါ။ ရုပ်ဝတ္ထုပစ္စည်းဆိုတာ အကျႌတို့ စိန်တို့၊ ရွှေတို့၊ တိုက်တာ အဆောက်အဦတွေကို ဆိုလိုတာ။ ဒီပစ္စည်းတွေဟာ ငွေရှိရင် အချိန်မရွေးဝယ်လို့ ရတယ်။

ဒါပေမယ့်၊ ဝယ်ယူလို့မရတာက စိတ်ဓာတ်ပဲ။ စိတ်ဓာတ်ဆိုတာ ဘဝတစ်ခုလုံးအတွက် ကြိုးစားချင်တဲ့ စိတ်ဓာတ်၊ နိုင်ငံချစ်တဲ့စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တွေပေါ့ကွာ။ ဒီစိတ်ဓာတ်တွေ သားတို့ သမီးတို့မှာ ကိန်းအောင်းနေရင် သားတို့ သမီးတို့ မဆင်းရဲတော့ဘူး၊ အခုနက သားတို့သမီးတို့ လိုချင်တဲ့အရာတွေရပြီ။

ပျောက်ပျက်လွယ်တဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို သမီးတို့အားလုံး ကျောင်းသားအရွယ်မှာ မလိုသေးဘူးလို့ ဖေဖေ ထင်တယ်။ အဲဒီတော့ ဖေဖေပြောတဲ့ စိတ်ဓာတ်မျိုးတွေရအောင် ဖေဖေ့ဇာတိ အညာကိုလိုက်ပို့ပေးမယ် ဟုတ်လား"

ဖေဖေ့စကားကို ကျွန်မတို့ မောင်နှမနှစ်ယောက်စလုံး ကျေနပ်ကြသည်။ လက်ခံကြသည်။

အကြောင်းမှာ ကျွန်မတို့မောင်နှမနှစ်ယောက်စလုံး တစ်ကြိမ်တစ်ခါမျှ ခရီးမထွက်ဖူးသေးပါ။ ကျောင်းနှင့် ကျူရှင်၊ ကျူရှင်နှင့် အိမ်ကိုသာ သွားရင်းပြန်ရင်း အချိန်ကုန်ခဲ့ရသည်။

ဘိုးဘိုးနှင့် ဖွားဖွားတို့ လာကြသဖြင့် ဖေဖေ့အိမ်သို့ ကျွန်မတို့ မောင်နှမ ပထမဦးဆုံးအကြိမ် ရောက်ရှိခဲ့ခြင်းဖြစ်သည်။

❖ ❖ ❖ ❖ ❖





ရထားမထွက်ခွာမီ ရန်ကုန်ဘူတာကြီးအား တွေ့မြင်ရစဉ်


www.burmeseclassic.com

www.burmeseclassic.com





စစ်ကိုင်းတံတားကြီးအား ဆည်းဆာနေဝင်ချိန်၌ လှပစွာတွေ့ရစဉ်



ကောင်းမှုတော်စေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်



ကျွန်မတို့မြောင်မြို့ရောက်ပြီးပြီးချင်းပင် မြို့ထဲရှိဘုရားများကို သွားရောက်ဖူးမြော်ခဲ့ကြသည်။

နောက်တစ်ရက်နံနက်တွင် ကားလေးတစ်စီးရောက်ရှိလာသည်။

"တီ-တီ-တီ"

ကျွန်မတို့မောင်နှမ နှစ်ယောက်လုံး အိမ်ရှေ့သို့ထွက်ကြည့်ကြသည်။ ပရိမ္မကျေးရွာသို့သွားရန် ဖေဖေစီစဉ် ထားသည့် ကားကလေးဖြစ်သည်။

"ကဲ သမီးတို့ သားတို့ရေ အဆင်သင့်ဖြစ်ရင် သွားကြရအောင်ဟေ့"

ကျွန်မတို့ အဆင်သင့်ဖြစ်သည့်အခါ ကားပေါ်တက်ကြသည်။ ကျွန်မတို့နှင့်အတူ ဘဘကြီး ဦးဘဆန်းလည်း လိုက်ပါလာသည်။

ဘဘကြီး ဦးဘဆန်းက မြောင်မြို့ အမက (၁)မှ ကျောင်းအုပ်ဆရာကြီးဖြစ်သည်။ ဘဘကြီးက ဆေးလိပ် မသောက်ပါ။ ကွမ်းမစားပါ။ ကျွန်မတို့စီးလာသည့် ကားကလေးလည်း မြောင်မြို့တောင်ဘက်မှ ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဦးစွာ ကူးတို့ကျေးရွာသို့ ရောက်လာပါသည်။

လှေတင်ဦးရွာ၊ ဖွားစောရွာ၊ ဆွဲလဲအိုရွာသို့ ဖြတ်ကျော်လ ပြီးနောက် နဘက်ရွာသို့ ရောက်ပါသည်။ နဘက်ရွာမှ အထ တန်းကျောင်းကြီးသည် ရွာနှင့်မလိုက်အောင် ထည်ဝါခဲ့ညားလ သည်။

နဘက်မှတစ်ဆင့် ကင်းရွာ၊ ကျောက်ရစ်ကျေးရွာများ ရောက်ရှိပြန်သည်။ ကျွန်မတို့ စီးလာသည့် ကားကလေးသ ကျောက်ရစ်ကျေးရွာတွင် ရပ်နားခြင်းမပြုတော့ဘဲ ဆက်လ ထွက်ခွာခဲ့သည်။

မကြာမီ ကျန်စစ်သားမင်းကြီး မွေးဖွားရာ ပရိမ္မကျေးရွာ ရောက်ရှိသည်။

ပရိမ္မကျေးရွာရောက်သည့်အခါ နံနက် ၁၁ နာရီ ထိုး ဖြစ်သည်။

ပရိမ္မကျေးရွာသည် ချင်းတွင်းမြစ်၏ လက်ဝဲဘက်က တွင် တည်ရှိသည်။ လက်ယာဘက်ကမ်းတွင် ရေစကြိုမြို့ရှိကြော သိရသည်။

ကျွန်မတို့ မိသားစုသည် ပရိမ္မရွာသို့ ရောက်ရောက်ချ ဘုရားများကို လှည့်လည်ဖူးမြော်ကြသည်။

ရှေ့ဦးစွာ ကျန်စစ်သားမင်းကြီး မွေးဖွားခဲ့သည့် အိမ်တော် ဘုရားကို ဖူးမြော်ကြသည်။ ထို့နောက် အိမ်တော်ရာ ဘုရားအနီးမှ ကျန်စစ်သားမင်းမယ်တော် ဟင်းခါးချက်သောက်သည့်နေ အထိမ်းအမှတ် ဟင်းခါးဂူဘုရားကို ဖူးမြော်ကြသည်။



ဟင်းခါးဂူဘုရားမှ ရှေ့သို့အနည်းငယ်လျှောက်လိုက်သည့် ါ ကျန်စစ်သားမင်းကြီး တည်ထားကိုးကွယ်ခဲ့ သော အရိန္ဒမာလှ ာဉ်ပျံစေတီတော်ကို ဝင်ရောက်ဖူးမြော်ကြသည်။

"ဖေဖေ ထမင်းဆာပြီဗျာ ထမင်းစားကြစို့"

မောင်လေးသန့်ရာဇာခိုင်ခန့်က ထမင်းဆာသဖြင့် ဖေဖေ့ ကိုပြောသည်။ သို့အတွက် ကျွန်မတို့အားလုံး ထမင်းဆိုင်တွင် မင်းစားကြသည်။

ထမင်းဆိုင်များမှာ ဘုရားအနီးတွင်ရှိသည်။ ပခုက္ကူ ကြို၊ မြောင်၊ မန္တလေးကား ဇက်ဆိပ်တွင်ရှိသည်။ ဇက်ဆိပ်က းလှိုင်ရှင်ဘုရား၏ ခြေရင်းတွင်ရှိသည်။

ထမင်းဆာနေ၍လား မသိ။ ပရိမ္မရွာမှ ထမင်းဆိုင်တွင် မင်းစားရသည်မှာ အလွန်မြိန်သည်။

ကျွန်မတို့အားလုံး ထမင်းစားပြီးပြီးချင်းပင် ကျန်စစ်သား င်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ထီးလှိုင်ရှင် မြတ်စွာ ရားသို့ ဝင်ရောက်ဖူးမြော်ကြပြန်သည်။

ထီးလှိုင်ရှင်မြတ်စွာဘုရားအတွင်းတွင် ပုဂံခေတ်လက်ရာ င်းတုတော်တစ်ဆူကို မြင်တွေ့ဖူးမြော်ခွင့်ရသည်။

ထိုအတူ ပရိမ္မထီးလှိုင်ရှင်ဘုရားကျောက်စာကို ဖတ်ရှုကြရ သည်။ ထီးလှိုင်ရှင်ဘုရားစာမှာ သစ်သားဘောင်ခတ်၍ နံရံတွင် ပ်ထားခြင်းဖြစ်သည်။

ထို့နောက် ကျွန်မတို့သည် ထီးလှိုင်ရှင်ဘုရားကို တစ်ပတ် တ်ရင်း ချင်းတွင်းမြစ်ကြီးကို ငေးမောကြည့်ရှုနေမိသည်။ င်းတွင်းမြစ်တစ်ဖက်ကမ်းမှ ရေစကြိုမြို့ကိုလည်း လှမ်းမျှော် ည့်ရှုမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုခင်းသာတစ်နေရာတွင် ကျွန်မတို့မိသားစုအားလုံးထိုင်၍ အပန်းဖြေကြပါသည်။ ထိုစဉ် ဘဘကြီးဦးဘဆန်းက ကျန်စစ်သားမင်းကြီးအကြောင်းကို ပြောပြသည်။

"ကဲ ငါ့တူမနဲ့ ငါ့တူ ဘဘကြီး ကျန်စစ်သားမင်းကြီးအကြောင်း ပြောပြမယ် နားထောင်ကြ"

"ဟုတ်ကဲ့ ဘဘကြီး"

"ကျန်စစ်သားမင်းကြီးဟာ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနဲ့ ဝေသာလီမင်းကြီးရဲ့ သမီးတော် ပဉ္စကလျာဏီကနေမွေးတာ၊ ဒါပေမယ့် ကျန်စစ်သားမင်းကြီးဟာ ပုဂံမှာမွေးတာမဟုတ်ဘူးကွယ့်။ ဟောဒီပရိမ္မရွာမှာပဲ မွေးခဲ့တာ"

"အဲဒါ ဘာဖြစ်လို့လဲဟင် ဘဘကြီး"

"နေဦး ဘဘကြီးပြောပြမယ်သမီး။ ရာဇတမန်အမတ်ရဲ့ ကုန်းချောစကားကြောင့်လို့ပဲ ဆိုရမှာပေါ့ကွယ်။

အနော်ရထာမင်းကြီးကို ရာဇတမန်တမန်တော်က ဘယ်လိုလျှောက်ထားလဲဆိုတော့ ဝေသာလီမင်းကြီး ပေးဆက်တဲ့ မင်းသမီးလေးဟာ မင်းသွေးမစစ်ဘူးတဲ့။ ဘာလို့လဲဆိုတော့ မင်းသမီးအစစ်ဆိုရင် အခြွေအရံတွေပါမှာပေါ့ဘုရား။ အခု ပဉ္စကလျာဏီမှာ ဘာအခြွေအရံမှ မပါတာကြည့်ခြင်းအားဖြင့် မင်းသွေးမစစ်နိုင်ပါဘူး ဘုရားလို့ ကုန်းချောစကားလျှောက်တင်လိုက်သတဲ့။

အဲဒီမှာ အနော်ရထာမင်းကြီးက ရာဇတမန်အမတ်တော်ရဲ့ စကားကိုယုံမှတ်ပြီး ပဉ္စကလျာဏီ မင်းသမီးလေးကို ပစ္စည်းပစ္စယတွေနဲ့အတူ ပရိမ္မအမတ်သူကြီးဆီပို့လိုက်သည်။



ဒါပေမယ့် မင်းသမီးလေးဆီမှာ အနော်ရထာမင်းကြီးနဲ့ ရထားတဲ့ ကိုယ်ဝန်ပါလာသတဲ့။ ဒါကြောင့် ကျန်စစ်သားမင်းကြီးဟာ ပရိမ္မရွာမှာပဲ မွေးဖွားခဲ့ရတာပေါ့ကွယ်။

ကျန်စစ်သားအရွယ်ရောက်တာနဲ့ ယောက်ျားတို့ တတ်အပ်တဲ့ ပညာတွေကို အကုန်တတ်တယ်တဲ့။ နောက်တော့ ကျန်စစ်သားဟာ ထီးလှိုင်ရွာကို ဗဟိုပြုပြီး စစ်ရေးခေါင်းဆောင်လုပ်ရာကနေ ထီးလှိုင်ရှင်ဘွဲ့ကို ရခဲ့တယ်။

ဒီလိုနဲ့ အနော်ရထာမင်းကြီးဟာ ထီးလှိုင်ရှင်အမည်ခံ ကျန်စစ်သားကို သူ့သားတော်မှန်း သိသွားတယ်။ အဲဒီမှာပဲ အနော်ရထာမင်းကြီးက သူ့သားတော်ကျန်စစ်သားကို ပုဂံနေပြည်တော်ရဲ့ ဘုရင့်တပ်မတော်ရဲ့ တပ်မှူးချုပ် ခန့်ထားတော်မူသတဲ့။

ကျန်စစ်သားရဲ့လက်အောက်မှာတော့ အနော်ရထာမင်းကြီးကိုယ်တိုင် ရှာဖွေခန့်ထားတဲ့ ငထွေးရူး၊ ငလုံးလက်ဖယ်နဲ့ ညောင်ဦးဖီးဆိုတဲ့ စစ်သူကြီးသုံးယောက်ကို ခန့်ထားပေးတယ်။

ဒီလိုနဲ့ပဲ ကျန်စစ်သားဟာ ပုဂံနေပြည်တော်ရဲ့ စစ်ဗိုလ်ချုပ်ကြီးဖြစ်လာတာပေါ့ကွယ်။

နောက်အနော်ရထာမင်းကြီး နတ်ရွာစံတော်မူပြီးတဲ့နောက်မှာ အခက်အခဲအမျိုးမျိုးကြားကနေ ကျန်စစ်သား မင်းကြီးဟာ ပုဂံပြည့်ရှင်မင်းတရားကြီး ဖြစ်လာခဲ့ရတာပဲကွယ့်။ စောလူးမင်းရဲ့ အရိုက်အရာဖြစ်တဲ့ ပုဂံပြည့်ရှင်မင်းတရားကြီးအဖြစ် ကျန်စစ်သားမင်းဖြစ်တဲ့ခုနှစ်က ခရစ်သက္ကရာဇ် (၁၀၈၄) ခုနှစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပရိမ္မရွာသား၊ ပရိမ္မဇာတိကနေ ဘုရင်ဖြစ်တယ်ဆိုတော့ ရေခံမြေခံကောင်းတဲ့ ရွာလို့ဆိုရမှာပေါ့နော် ဘဘကြီး"

"ဒါပေါ့ ငါ့တူမရဲ့"

ကျွန်မတို့ ဘဘကြီးနှင့် စကားပြောနေစဉ် ဖေဖေ ပြန်ရောက်လာသည်။ ဖေဖေက ကြည့်စရာနေရာများကို လျှောက်ကြည့်ရန်လာခေါ်ခြင်းဖြစ်သည်။


ထို့ကြောင့် ကျွန်မတို့အားလုံး ကားဇက်ဆိပ်ကို ဆင်းကြည့်ကြသည်။ ကမ်းနားမှနေ၍ ကျွန်မကချင်းတွင်း ရေများကို ကိုင်တွယ်ဆေးကြောကြည့်မိသည်။ သို့နှင့်ပင် ကျွန်မမှာချင်းတွင်းမြစ်ရေကို ထိတွေ့ကိုင်တွယ်ခွင့်ရသည်မှာ အမှတ်တရပင်ဖြစ်သည်။

ထို့နောက် ကျွန်မတို့သည် အရိန္ဒမာဘုရားကို ဝင်ရောက်ဖူးမြော်ပြီး ပရိမ္မကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ကျွန်မကျောက်စာကူးပြီးသည့်အခါ ဘုန်းတော်ကြီးနှင့် ဘကြီးထူးတို့ ရွာလူကြီးများအား နှုတ်ဆက်၍ကျောင်းမှ ထွက်ခွာခဲ့ကြသည်။

xx xx xx xx xx xx





ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သော ထီးလှိုင်ရှင်စေတီတော်

www.burmeseclassic.com


www.burmeseclassic.com





ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သော
အိမ်တော်ရာစေတီ





ကျန်စစ်သား၏မယ်တော် ပဉ္စကလျာဏီ
ဟင်းခါးချက်သောက်သည့်နေရာတွင် တည်ထားသည့်
ဟင်္သာခါးဂူဘုရား

www.burmeseclassic.com

www.burmeseclassic.com





**ကျန်စစ်သားမင်းကြီးတည်ထားကိုးကွယ်တော်မူခဲ့သည့် ထီးလှိုင်ရှင်စေတီတော်အတွင်း ဖူးတွေ့ရသည့် ပုဂံခေတ်လက်ရာ ဆင်းတုတော်တစ်ဆူ**

## ရွှေပေါင်လောင်ဘုရားသို့

ကျွန်မတို့မိသားစုသည် ကျန်စစ်သားမင်းကြီးမွေးဖွားရာ ရှိမှကျေးရွာမှအပြန် ကျောက်ရစ်ကျေးရွာသို့ ဝင်သည်။

ကျောက်ရစ်ကျေးရွာသို့ဝင်ခြင်းမှာ အခြားမဟုတ်။

ရွှေပေါင်လောင်ဘုရားဖူးရန်ဖြစ်သည်။ ရွှေပေါင်လောင် ဘုရားမုခ်ဦးတွင် ကျွန်မတို့စီးလာသော ကားကလေးကို ရပ်လိုက် သည်။ ရွှေပေါင်လောင်ဘုရားအဝင်ဝ မုခ်ဦးခြသေ့်ကြီးနှစ်ကောင် မြင်လိုက်ရသည်နှင့်ပင် ကျွန်မအံ့သြမိသည်။

အကြောင်းမှာ ခြသေ့်ကြီးနှစ်ကောင်သည် အစာအဖြစ် ဆိရှဿန်တစ်ကောင်စီကိုက်ချီထားသည့် ပုံသဏ္ဌာန်ပြုလုပ်ထား ခြင်းကြောင့်ဖြစ်သည်။ ဤပုံသဏ္ဌာန်မျိုးကို ကျွန်မ တစ်ကြိမ်တစ်ခါ မျှ မမြင်ဖူးသဖြင့် ငေးမောကြည့်ရှုနေမိသည်။

ထိုစဉ်ရွာခံတစ်ဦးက ကျေးရွာသူကျေးရွာသားများ အစာ ရေစာပေါများစေရန် ယင်းသို့အစာကို ကိုက်ချီဟန် ထုဆစ်ထား ကြောင်း ရှင်းပြ၍သိရသည်။ ကျွန်မတို့မုခ်ဦးမှတစ်ဆင့် ဘုရား ဆောင်းတန်းထဲမှ ဂန္ဓကုဋိတိုက်ထဲသို့ သွားကြသည်။ ဘဘကြီး ဦးဘဆန်းက ကြိုတင်စီစဉ်အကြောင်းကြားသဖြင့် ကျွန်မတို့ ရောက် သည့်အခါ တာဝန်ရှိ ဘုရားလူကြီးများ အားလုံးဆီးကြိုနေကြသည်။ နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျွန်မတို့အဖွဲ့အား ရွှေပေါင်လောင်ဘုရား သမိုင်းကို ပြောပြကြသည်။

ပေါင်လောင်ရှင် ကဿပ၏သမိုင်းကြောင်းက ရှည်လျှာ လှသည်။ ကျွန်မကောင်းကောင်း မမှတ်မိ။

သို့တိုင် ကျွန်မသည် ရွှေပေါင်လောင်မြတ်စွာဘုရားကြီး ဖြစ်ပေါ်လာပုံကို မှတ်သားထားသည်။

သမိုင်းအချုပ်မှာ နရပတိစည်သူမင်းကြီးနှင့် အရှင် ကဿပတို့ကြောင့် ရွှေပေါင်လောင်ဘုရားကြီး တည်ထားကိုးကွယ် နိုင်ခဲ့သည်ဟု ဆိုသည်။

ဘုရားသမိုင်းအဆုံးတွင်မူ နရပတိစည်သူမင်းကြီးနှင့် အရှင်ကဿပတို့ အခန့်မသင့်ဖြစ်ခဲ့ကြသည်။ အရှင်ကဿပ ရပြီးသည့်ဆွမ်းများကိုကြဲ၍ ကြွသွားတော်မူသည်ကို ငါလိုမင်းကို ဒီလို လုပ်ရမလားဟုဆိုကာ ဒေါသစိတ်နှင့် သွားချင်ရာသွားပစေ ဟူသည့် သဘောနှင့်နှင်ခဲ့သည်။

ထိုအခါ ပေါင်လောင်ရှင်ကဿပမထေရ်သည် နှစ်ဘ မြောက်က မယ်တော်နွားမ အနီးစွရောက်သည့် ကျောက်ရစ်ရွာတွင် သွားရောက်သီတင်းသုံးတော်မူခဲ့သည်။ ပေါင်လောင်ရှင်ကဿပ၏ တပည့်ရင်း ငရမာန်နှင့် ငတင်ကြည် ဘီးလူးနှစ်ကောင်က နရပတိ စည်သူမင်းကြီး၏ နန်းတော်တစ်ခုလုံး ထိတ်လန့်အောင်လုပ်ကြ သည်။

မင်းကြီးလည်း စိုးရိမ်ထိတ်လန့်ပြီး ပေါင်လောင်ရှင် ကဿပအား နှစ်ကြိမ်မြောက်ထိ ပင့်သည်။ မကြွပါ။

သုံးကြိမ်မြောက်အရောက်တွင် ကြွတော်မူခဲ့သည်။



ပေါင်လောင်ရှင်ကဿပ တရားဟောဆုံးမသဖြင့် ကြောက်ရွံ့ ထိတ်လန့်ခြင်းကင်းစွာဖြင့် နန်းတော်သူ နန်းတော်သား အားလုံး နေကြရသည်။

နောက်ဆုံးတွင် ပေါင်လောင်ရှင်ကဿပမထေရ်သည် နရပတိစည်သူမင်းကြီးကောင်းမှုတော်အနီးတွင် မယ်တော် ကိုယ်စား ဘုရားတည်လိုကြောင်း မိန့်တော်မူသည်။ နရပတိစည်သူ မင်းကြီးကလည်း တည်တော်မူပါလို့ လျှောက်ထားပြီး မြဆင်း တုတော် (၂) ဆူနှင့် ဘုရားရှင်၏ ဓာတ်တော် မွေတော်နှစ်ဆူကို ဌာပနာသွင်းခဲ့သည်။ ထို့အတူ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ပဉ္စဝဂ္ဂီ ငါးဦးအား တရားဟောဟန်၊ မယ်တော်မိနတ်သားအား တရား ဟောဟန်တို့ကို ထည့်သွင်းဌာပနာခဲ့ကြောင်း သိရသည်။ ယင်း စေတီကို ပေါင်လောင်ရှင်ကဿပကောင်းမှုတော် ဆုတောင်းပြည့် စေတီဟု သမုတ်ခဲ့ကြသည်။ ယခုအခါတွင် ရွှေပေါင်လောင် မြတ်စွာဘုရားဟုသာ ခေါ်တွင်နေကြောင်း သိရသည်။

ရွှေပေါင်လောင်ဘုရားမှ ဂေါပကလူကြီးများက ဘုရား သမိုင်းကိုပြောပြပြီးသည့်အခါ ပေါင်လောင်ရှင် ကဿပမထေရ် ကျားစီးဟန်ရုပ်တုနှင့် ငရမာန်နှင့် ငတင်ကြည် ဘီးလူးနှစ်ကောင်၏ မိကျောင်းစီးဟန် ရုပ်တုများကို ပြသကြသည်။ ရွှေများ အထပ်ထပ် ချထားဟန်တွေ့ရှိရသည်။

ထို့နောက် ကျွန်မတို့အား ရှေးဟောင်းကျောက်စာများ ထားရှိရာ ကျောက်စာဂူတိုက်ဘုရားနှင့် ပုဂံခေတ် ရေဆေးပန်းချီ များရှိရာ ဘုရားများသို့ လိုက်လံပြသခဲ့သည်။

နေလည်း အတော်မြင့်ပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့လည်း ရွှေပေါင်လောင်ဘုရားကြီးအား တစ်ကျော့ပြန်လည်ဖူးမြော်၍ ဘုရားလူကြီးများအား နှုတ်ဆက်ကြသည်။

ကျောက်ရစ်ကျေးရွာမှ ကျွန်မတို့မြောင်မြို့သို့ တန်းတန်းမတ်မတ် ပြန်လာခဲ့ကြတော့သည်။





ကျောက်ရစ်ကျေးရွာရှိ ရွှေပေါင်လောင်ဘုရားအဝင်မုခ်ဦး



ကျောက်စာတိုက်အတွင်းတွင် မြင်တွေ့ရသော ရှေးဟောင်းကျောက်စာများ

www.burmeseclassic.com

www.burmeseclassic.com






ပေါင်လောင်းရှင် ကဿပမထေရ် ကျားစီးဟန်ရုပ်တု



ရေမာန်နှင့် တောင်ကြည် ဘီလူးနှစ်ကောင် မိကျောင်းစီးဟန်ရုပ်တု





ကျောက်ရစ်တွေးရွာ ရွှေပေါင်လောင်ဘုရားဝင်းအတွင်းရှိ
ရှေးတောင်းကျောက်စာတိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မောင်နှမနှစ်ယောက် အိပ်ရာစောစော ထကြရသည်။ သည်နေ့ခရီးသွားစရာရှိသည်။ ဖေဖေလည်း အိပ်ရာမှနိုးနေပြီဖြစ်သည်။ ကျွန်မတို့အားလုံး မျက်နှာသစ်သွားတိုက်၍ ဖြီးလိမ်းပြင်ဆင်ပြီးသည့်အခါ အပြင်မှ ဘွားဘွားက အရုံသင့်စောင့်နေသည်။ ထို့နောက် ကောက်ညှင်းငချိတ်ပေါင်းနှင့် ငါးကြော်များ အဆာပြေ ချကျွေးပါသည်။ ထိုစဉ်ဘဘကြီးလည်း ရောက်ရှိလာသည်။

"ကဲ. . . သမီးနဲ့ သားတို့စားပြီးရင် သွားကြရအောင်၊ တော်ကြာ နေမြင့်နေဦးမယ်"

"ဟုတ်ကဲ့. . . ဖေဖေ"

"နေဦး. . . မမ၊ မောင်လေး အိမ်သာတက်ချင်လို့"

"သားကတော့ လုပ်ရော့မယ်ကွာ၊ အပေါ်က စား အောက်က ထွက် ဆိုတာ မင်းလိုကောင်မျိုးနေမှာပဲ"

ဖေဖေ့ နှိုးဆော်မှုကြောင့် အားလုံးအဆင်သင့်ဖြစ်ပါပြီ။

ဖေဖေ့ ဦးဆောင်မှုဖြင့် ကျွန်မတို့ မော်တော်ဆိပ်သို့ဆင်းခဲ့ကြသည်။ မိနစ် (၂၀)ကျော်ခန့် လမ်းလျှောက်လိုက်သည့်အခါ မြကုန်းကျေးရွာထိပ်ရှိ မော်တော်ဆိပ်သို့ ရောက်ရှိလာသည်။



မော်တော်သမားများကလည်း အရံသင့် စောင့်နေသည်။

ကျွန်မတစ်သက်တွင် မော်တော်တစ်ခါမျှ မစီးဘူးပါ။ ထို့အတူ ဧရာဝတီမြစ်ဟု ကြားဖူးသော်လည်း လက်တွေ့ မမြင်ဘူး။

ယခု ဧရာဝတီမြစ်ပြင်ကျယ်ကြီးကို လက်တွေ့မြင်ဖူးပြီ။ ထိတွေ့ကိုင်တွယ်ခွင့်လည်း ရခဲ့ပြီ ဖြစ်သည်။ ထို့အတွက် ကျွန်မများစွာ ဝမ်းသာပီတိဖြစ်မိပါသည်။ မောင်လေး သန့်ရာဇာခန့်လည်း ကျွန်မကဲ့သို့ပင် ခံစားရမည်ထင်သည်။

"သမီးနဲ့သားရေ ဖြည်းဖြည်းတက်၊ ကုန်းဘောင်ကချော်တယ်"

"မမ၊ မောင်လေးကို ကိုင်ထား"

နှင်းရည်များဖြင့် စွတ်စိုနေသော ကုန်းဘောင်ပေါ်မှ တစ်ဆင့် ကျွန်မတို့ မော်တော်ပေါ်သို့ တက်ခဲ့ကြသည်။ မော်တော်ပေါ်တွင် ကျွန်မတို့ မိသားစုသာ ပါရှိသည်။

နံနက် ၇ နာရီတွင် မော်တော်စထွက်သည်။

ရေဆန်ခရီးဖြစ်၍ မော်တော်က ခပ်ဖြည်းဖြည်းသာ သွားသည်။ မကြာမီ အချိန်အတွင်း၌ အရှေ့ ဂေါယာကျွန်းမှ နေမင်းကြီး ထွက်ပေါ်လာသည်။

ဧရာဝတီမြစ်ပြင်ကျယ်နှင့် နံနက်ခင်း ဆည်းဆာအလှကို ကျွန်မသည် တစ်ကြိမ်သာ ခံစားဖူးသည်။ ဆောင်း အကုန် နွေအကူးကာလဖြစ်သော်လည်း ဧရာဝတီမြစ်ပြင်ကျယ်ပေါ်တွင်မူ မြူနှင်းမှုန်တို့က ရှိနေဆဲဖြစ်သည်။ နံနက်ခင်း ဆည်းဆာနှင့် မြူနှင်းမှုန်တို့အား သဘာဝအလှက အလွန်ကြည့်ကောင်းသည်။

နေမင်းကြီးက တဖြည်းဖြည်း မြင့်တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်ဓာတ်ကြောင့် နှင်းမှုန်များလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားသဖြင့် ပို၍အမြင်ကြည်လင်လာသည်။

ထိုစဉ် ဘဘကြီး ဦးဘဆန်းက တစ်ဖက်ကမ်းမှ ရွာကလေးကို လက်ညှိုးထိုး၍ ပြသည်။ ဘဘကြီး လက်ညှိုးညွှန်သည့်ဘက်သို့ ကျွန်မတို့ မောင်နှမနှစ်ယောက်စလုံး ပြိုင်တူကြည့်မိသည်။

"အဲဒီရွာက ငါန်းမြာရွာလို့ခေါ်တယ်။ တံတားဦးက ကွမ်းနုဝါ ငါန်းမြာကဆေးဆိုတဲ့ ကဗျာ ကြားဖူးတယ် မဟုတ်လား သမီး၊ အဲဒါ ဒီ ငါန်းမြာကိုပြောတာ၊ ငါန်းမြာဆေး နာမည်ကြီးတာ၊ ကောင်းတာကို ဆိုလိုတာပေါ့ကွယ်"

"ဘဘကြီး၊ ဆေးက ဘာဆေးကို ပြောတာလဲဟင်"

"ကွမ်းစားဆေးကို ပြောတာကွယ့်၊ အခုတော့ ဆေးလိပ်လိပ်ဖို့ဆေးမှာလည်း ငါန်းမြာဆေးဟာ နာမည်ကြီးပဲပေါ့ သမီးရယ်"

ကျွန်မကို ဘဘကြီး ဦးဘဆန်းက ရှင်းပြနေစဉ် ရွာတစ်ရွာသို့ ရောက်ရှိလာပြန်သည်။ ဘဘကြီးက ကျွန်မကို မြစ်အရှေ့ဘက်ကမ်းမှ ရွာများ၊ အနောက်ဘက်ကမ်းထိ ရွာများကို တစ်ရွာပြီးတစ်ရွာ ပြောပြသည်။

ဧရာဝတီမြစ်အနောက်ဘက်ကမ်း မြောင်မြို့မှစ၍ မရိုးကုန်း၊ သာဒွန်း၊ ကူးတို့တဲ၊ နေပူကုန်း၊ နဂါးပေါက်၊ ချောင်းဆင်း၊ ကျောင်းဖြူကျေးရွာများကို အစဉ်လိုက်ပြသခဲ့သည်။ ထိုနည်းတူစွာပင် မြစ်အရှေ့ဘက်ကမ်းရှိ ငါန်းမြာ၊ ဆီမီးခုံ၊ စားကြူး၊ ကြည်ရွာ၊ ဂင့်ဂဲ စသည့် ရွာများကိုလည်း ပြသခဲ့သည်။ ကျောင်းဖြူသို့ ရောက်သည့် အခါ နံနက် ၁၁ နာရီကျော်ခန့် ရှိပြီဖြစ်ပါသည်။ ကျောင်းဖြူရွာရှိ ရွာဦး ဘုန်းတော်ကြီးကျောင်းသို့ ခဏဝင်သည်။



ကျောင်းထိုင်ဆရာကြီးအား ကျွန်မတို့အားလုံး ရှိခိုးကန်တော့ကြသည်။ ဘဘကြီး ဦးဘဆန်းက ကျောင်းဖြူရွာတွင် မူလတန်းပြဆရာအဖြစ် တာဝန်ကျခဲ့ဖူးကြောင်း ကျွန်မ သိလိုက်ရသည်။

"သမီးနဲ့ သား ဒီကိုလာကြပါဦး၊ ဒါ ပုဂံခေတ်က ရှေးဟောင်းရုပ်ပွားဆင်းတုတော်ကြီးပဲကွယ့်။

ဘဘကြီးခေါ်ပြသဖြင့် ကျွန်မတို့အားလုံး ပုဂံခေတ်ရှေးဟောင်းဆင်းတုတော်ကြီးကို မြင်တွေ့ဖူးမြော်ခွင့် ရရှိခဲ့သည်။ ထို့နောက် ကျောင်းဖြူရွာထဲမှ ဖြတ်၍ ရွာပုလဲကျေးရွာသို့ ခရီးဆက်ကြသည်။

ကျွန်မတို့ ကျောင်းဖြူရွာထဲမှ ထွက်လာပြီးနောက် သဲချောင်းရိုးကြီးတစ်ခုကို တွေ့ရသည်။ ယင်းသဲချောင်းရိုးကြီးကို ဖြတ်၍ ရွာပုလဲရွာသို့ သွားရသည်။ ရွာထဲဝင်ရန် ချောင်းကို လှေနှင့်တစ်ဆင့် ကူးရပြန်သည်။

ရွာပုလဲရွာသို့ ရောက်သည့်အခါ ကျွန်မတို့အားလုံး ချွေးများဖြင့် စိုရွှဲနေသည်။ ရွာထိပ်ရောက်ရောက်ချင်း ဖေဖေက-

"သမီးနဲ့သား ဟောဒီ ရွာပုလဲရွာက မဟာလူရည်ချွန်၊ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် မွေးဖွားရာ ဇာတိရွာပဲ၊ ယောမင်းကြီး ဦးဘိုးလှိုင်လို့ လူသိများတယ်ကွယ့်"

"သမီးက ယောမင်းကြီး ဦးဘိုးလှိုင်ဆိုတော့ ယောမြို့ဇာတိ မှတ်နေတာ ဖေဖေရဲ့"

"မဟုတ်ဘူး သမီးရဲ့ အများကလည်း ဒီလိုပဲ ထင်နေကြတာ၊ အရင်တုန်းကတော့ မြင်းခြံခရိုင် တလုပ်မြို့အပိုင်၊ ရွာပုလဲ

www.burmeseclassic.com



ရွာသားပေါ့၊ အခုတော့ စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ် ရွာပုလဲ ရွာသား ဖြစ်သွားပါပြီ။ ယဉ်ကျေးမှုဝန်ကြီးဌာန ကလည်း (၁၉၈၀) ပြည့်နှစ်ကတည်းက အသိအမှတ်ပြုပြီးပြီ သမီးရဲ့"

ရွာပုလဲရွာထိပ်တွင် ဌာပနာဖောက်ထားသည့် ရှေးဟောင်းစေတီ တစ်ဆူကို မြင်တွေ့ခဲ့ရသည်။ ဖေဖေနှင့် ကျွန်မတို့ စကားပြောရင်းနှင့်ပင် ရွာထဲသို့ရောက်လာသည်။ မောင်လေးသန့်ရာဇာမှာ ခရီးပန်းသဖြင့် ဘာမျှမမေးနိုင် မပြောနိုင်တော့ပါ။ ငြိမ်၍သာ လိုက်ပါလာသည်။

ကျွန်မတို့သည် ရွာလမ်းမကြီးအတိုင်း ရွာလယ်သို့ ခရီးဆက်ခဲ့ကြပါသည်။ ရွာလယ်သို့ ရောက်ရှိသည့်အခါ အလယ်တန်းကျောင်းကြီးတစ်ကျောင်းကို တွေ့ရှိရသည်။

ကျောင်း၏မြောက်ဘက်တွင် လေးဖက်လေးတန် ကမ္ပည်းထိုးထားသည့် ကျောက်တိုင်ကြီးကို တွေ့ရသည်။ ယင်း ကျောက်တိုင်ကြီးမှာ ယောမင်းကြီး ဦးဘိုးလှိုင် အထိမ်းအမှတ် ကျောက်တိုင်ဖြစ်သည်။

ယောမင်းကြီးဦးဘိုးလှိုင်၏ ငယ်စဉ်က နေအိမ်မှာ ဆူးလေကုန်းဘုရား၏ အရှေ့တွင် ရှိသည်ဟု သိရသည်။ ယခု ကမ်းပါးပြိုသည့်အထဲ ပါသွားသဖြင့် မမြင်တွေ့ခဲ့ရပါ။

ဖေဖေနှင့် ကျွန်မတို့ ကျောက်တိုင်နီးသို့ အနီးကပ်သွားရောက်ကြည့်ရှုကြသည်။ ကျောက်တိုင်တွင် ရေးထိုးထားသည့် ကမ္ပည်းကျောက်စာများကို ကျွန်မ သေသေချာချာ ဖတ်မိသည်။



ဝိဇ္ဇာသိပ္ပံဘာသာရပ်ပေါင်းစုံ၊
နှံ့စပ်ကျွမ်းကျင်၍
ကျမ်းပေါင်း (၂၀)ပြုစုခဲ့သူ
ရွှေပြည်ဝန်ကြီး သတိုးမင်းကြီး
မင်းလှမဟာ မင်းခေါင်သီဟသူ ဘွဲ့ရ
ရှေးဦးခေတ်ပြောင်း
တော်လှန်ရေးသမားကြီး
မြန်မာပညာရှိ
ယောအတွင်းဝန် ဦးဘိုးလှိုင် (၅၄)နှစ်- ဟု ကျောက်စာတွင် ရေးထိုးထားပါသည်။ ကျောက်စာတိုင်၏ အခြားတစ်ဖက်တွင်မူ အောက်ပါအတိုင်း ရေးထိုးထားသည်။

"ဝိဝါဒံ၊ ဘယတော ဒိသွာ၊
အဝိဝါဒဉ္စ ခေမတော
သမဂ္ဂါ သခိလာ ဟောထ
ဧတံ ဗုဒ္ဓါန သာသနံ"

"မညီမညွတ်၊ ငြင်းခုန်ခိုက်ရန်ဖြစ်
ပွားခြင်းကို
ပျက်စီးတတ်သော ဘေးဟုမြင်၍
ငြင်းခုန်ခိုက်ရန်မရှိ၊ စည်းဝေး
ညီညွတ်ခြင်းကို၊
ဘေးဘျမ်းမရှိ၊ ချမ်းသာ၏ဟု
မြင်ပြီးလျှင်၊ ညီညွတ်ကြကုန်သည်။
ဖြစ်ကြကုန်လော့ . . . ."

www.burmeseclassic.com

www.burmeseclassic.com



"ဤသို့ ညီညွတ်ကြသည်ဟူသော
အဆုံးအမသည်
ဘုရားအဆူဆူတို့၏ အဆုံးအမ
တော်တည်း"

"သမီး ဒီကျောက်စာ စာမျက်နှာမှာပါတဲ့ စာတွေက ရွှေပြည်ဝန်မင်း ဦးဘိုးလှိုင်ရေးတဲ့ ရာဇဓမ္မသင်္ဂဟ ကျမ်းထဲက ကောက်နုတ်ချက်စာတွေပဲ။ ဒီစာရဲ့ အဓိပ္ပာယ်ကို လေးလေးနက်နက် တွေးကြည့်ရင် ညီညွတ်ခြင်းဟာ အင်အားလည်းဖြစ်တယ်၊ စွမ်းအားလည်း ဖြစ်တယ်၊ အောင်မြင်မှုရလဒ်ကိုလည်း ဖြစ်စေတယ်၊ လို့ ဆိုရမှာပေါ့ကွယ်"

ကျွန်မ ကျောက်စာများကို ကူးနေစဉ် ဖေဖေက ဂဘ ရောက်ရှင်းပြခဲ့သည်။ မောင်လေး သန့်ရာဇာက ဘာမှ ငံ့တ် မဝင်စားသလိုပင်လည်း စိတ်ပါဝင်စားစွာ နားထောင်နေသည်။

"ကဲ သမီး ဆက်ကူးလိုက်ဦး"

"ဟုတ်ကဲ့ ဖေဖေ"

ဝန်ကြီးသတိုးမင်းကြီး၊
မင်းလှမဟာမင်းခေါင်သီဟသူ
ယောအတွင်းဝန် ဦးဘိုးလှိုင်
ဖွားသက္ကရာဇ် (၁၁၉၁ ခုနှစ်)၊
နှောင်းတန်ခူးလဆန်း (၁၀)ရက်
သောကြာနေ့
ကွယ်လွန်သက္ကရာဇ် (၁၂၄၅ ခု)၊ ဝါခေါင်လပြည့်
စနေနေ့



ကျွန်မက အင်္ဂလိပ်လို ရေးထိုးထားသည့် စာပိုဒ်များကို ကူးယူရန် ပြင်ဆင်နေစဉ် မောင်လေး သန့်ရာဇာ ရောက်လာသည်။ မောင်လေးကို လှည့်ကြည့်မိသည်။ ထိုအခါ မောင်လေးက အင်္ဂလိပ်စာများ မကူးရန် တားမြစ်သည်။

"မမကလည်း အင်္ဂလိပ်လိုတွေ ဘာလို့ လျှောက်ကူးနေတာလဲ၊ ကိုယ်လည်း နားလည်တာမဟုတ်ဘဲနဲ့၊ ကျွန်တော် ဗိုက်ဆာနေပြီဗျ"

"အေးအေး၊ ဒါဖြစ်လည်းပြီးရော မမဟိုဘက်က ကျောက်စာကူးလိုက်ဦးမယ်"

"ဒါဖြင့်လည်း မြန်မြန်ကူးပါ မမရာ၊ ကျွန်တော် ဆာလို့သေရော့မယ်"

ကျွန်မမောင်လေး သန့်ရာဇာက ဗိုက်ဆာ၍ အတင်းပူဆာနေသည်။ ကျွန်မစာကူးရသည်ပင် မဖြောင့်တော့ပါ။

တစ်ဖက်မှ ကျောက်စာပါ အချက်အလက်များကို ကျွန်မ ပြည့်စုံစွာ မကူးနိုင်တော့ပါ။

အဘ ယင်းတောဝန်ကြီး ငယ်မည် ဦးရွှေတုတ်
အမိ ဝန်ကြီးကတော် မယ်ငြိမ်း
ရွာပုလဲရွာဖွား
ငယ်စဉ် ပထမဆရာ အမရပူရမြို့မှ ဦးကျဉ်ပွေ့ထံ သာမဏေဖြစ်
ပြည်ဆရာတော်ထံ သဒ္ဒါသင် ...."

ကျွန်မစာကူးနေဆဲမှာပင် မောင်လေးသန့်ရာဇာက ချူးပွဲချိုင်သည်။ ကျွန်မနာရီကြည့်လိုက်တော့ မွန်းတည့် (၁၂) နာရီ ထိုးပြီဖြစ်သည်။ မောင်လေးငိုသဖြင့် ဖေဖေရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သမီးရယ်၊ တော်ပါတော့၊ သမီးမောင်လေးကလည်း ဗိုက်ဆာနေပါပြီ၊ ကျန်တဲ့အကြောင်းတွေ ဖေဖေ ပြောပြပါမယ်"

"ကဲလာ သား သွားကြစို့"

ရွာပုလဲရွာထဲတွင် ဖေဖေနှင့် ဘဘကြီး ဦးဘဆန်းက သူ့မိတ်ဆွေဆရာဦးအောင်သန်းအိမ်တွင် နံနက်စာ ထမင်းစားရန် ချက်ခိုင်းထားသည်။ ကျွန်မတို့ ရောက်သွားချိန်တွင် ထမင်းဝိုင်းမှာစားရန် အသင့်ဖြစ်နေသည်။

မောင်လေး သန့်ရာဇာခိုင်ခန့်မှာ ဟန်မဆောင်နိုင်တော့။

ရောက်ရောက်ချင်း ထမင်းဝိုင်းတွင် ဝင်ထိုင်ကာ လက်ဆေးပြီး စားတော့သည်။ ကျွန်မလည်း ထမင်းဆာသည်။ သို့သော် နောက်တစ်ခေါက် ပြန်ရောက်ဖို့ မလွယ်ကူသဖြင့် ကျောက်စာကို ဦးစားပေး၍ ရေးနေခြင်းဖြစ်သည်။ ကျွန်မ၏ တစ်ဦးတည်းသော မောင်လေးဖြစ်၍ ညှာခဲ့ရသည်။ ကိုယ်လုပ်ချင်တာ ပြီးအောင် မလုပ်ခဲ့ရ၍ စိတ်မကောင်း။

"သမီးရယ်၊ ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ ဖေဖေ ပြည့်စုံအောင် ရှင်းပြမှာပေါ့"

"ဟုတ်ကဲ့ပါ၊ ဖေဖေ"

ဖေဖေ့ကို ခေါင်းသာညိတ်လိုက်ရသည်။ ကျွန်မစိတ်ထဲတွင် ကျန်နေသော ကျောက်စာတစ်ဖက်ကို ကူးလိုသည့် ဆန္ဒရှိနေသည်။ ထမင်းစားပြီးလျှင် သွားကူးမည်ဟု စိတ်ကူးထားသည်။ သို့သော် ဖေဖေ့စကားကြောင့် ကျွန်မဆန္ဒနှင့် စိတ်ကူးကို လက်လျှော့လိုက်ရသည်။



"ကဲ . . သမီးနဲ့သားတို့ ထမင်းစားလို့လည်း ဝပြီ၊ ဟိုဘက်ရွာကို ဆက်ကူးကြဦးစို့၊ သမီး သိချင်တဲ့အကြောင်းတွေကို ဖေဖေ လမ်းသွားရင်း ဆက်ပြီးပြောပြမယ် ဟုတ်လား"

သို့နှင့်ပင် ဖေဖေနှင့်ဘဘကြီး ဦးဘဆန်းတို့ ခေါ်ရာနောက်သို့ လိုက်ခဲ့ရသည်။ ကျွန်မတို့ ရွာပုလဲရွာထဲမှ ထွက်လာသည့်အခါ မြေပဲခင်းကန်သင်းများပေါ်မှ ဖြတ်လျှောက်ကြရသည်။

"ဖေဖေ ယောမင်းကြီး ဦးဘိုးလှိုင်အကြောင်း ပြောပြဦးလေ"

"အေး ဟုတ်သားပဲ၊ ကြည့်စမ်း ဖေဖေ မေ့နေလိုက်တာ။ ဒီလိုသမီးရဲ့ ကျောက်စာထဲပါတဲ့ အကြောင်းတွေ ဖေဖေ မပြောတော့ဘူးနော် သမီး"

"ဟုတ်ကဲ့ပါ၊ ဖေဖေ"

"ယောမင်းကြီး ဦးဘိုးလှိုင်လို့ လူတွေက ခေါ်နေလို့သာ သမီးရဲ့၊ အမှန်က ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်လို့ ခေါ်ရမှာ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"သမီးပဲ စဉ်းစားကြည့်လေ၊ ဦးဘိုးလှိုင်ဘဝကနေ ပထမဆုံး မင်းမှုထမ်းအနေနဲ့ ယောမြို့စားဘဝမှာ ယောမင်းကြီး ဦးဘိုးလှိုင်လို့ ခေါ်ကြတယ်၊ ဒါက မင်းတုန်းမင်းတရားကြီး လက်ထက်မှာနော်။ အဲ့ သီပေါမင်းလက်ထက်ရောက်တော့ ရွှေပြည်ဝန်ကြီး အရာခန့်ထားတော်မူတယ် သမီးရဲ့၊ အဲဒီတော့ ရာထူးအဆင့်အရ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် မခေါ်သင့်ပေဘူးလား"

"ခေါ်သင့်ပါတယ် ဖေဖေ၊ ဒါနဲ့ ဖေဖေ ယောမင်းကြီး - အဲယောင်လို့ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က မင်းတုန်းမင်းတရား

www.burmeseclassic.com

www.burmeseclassic.com



ကြီးလက်ထက် သီပေါမင်းတရားကြီးလက်ထက်ထိ မင်းမှုထမ်းခဲ့တာဆိုတော့ နှစ်ပေါင်း ဘယ်လောက်ကြာလဲဟင်"

"မင်းနှစ်ဆက်အတွင်းမှာ နှစ်ပေါင်း (၂၆)နှစ် မင်းမှုထမ်းခဲ့တယ် သမီး"

ကျွန်မကို ဖေဖေပြောပြရင်း လမ်းလျှောက်လာသည်မှာ ခရီးပေါက်လာသည်။ ကျွန်မတို့ သွားမည့် ရွာနားဆီ ရောက်ရှိလာပြီ ဖြစ်သည်။ ကျွန်မနှင့် ဖေဖေပြောနေသည်ကို မောင်လေးသန့်ရာဇာက စိတ်ဝင်စားသဖြင့် ကြားဖြတ်၍ မေးသည်။

"ဖေဖေ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ရှေ့က မဟာလူရည်ချွန်လို့ ဘာလို့ထည့်ခေါ်တာလဲဟင်"

"လွယ်လွယ်ကူကူပြောရရင် တော်လို့ပေါ့ကွာ၊ ဘယ်လောက်ထိတော်လည်းဆိုတော့ တို့တိုင်းပြည်မှာ ညအခါ မီးအုပ်တို့ မီးတိုင်တွေပဲ အသုံးပြုနေတဲ့ အချိန်မှာ ဦးဘိုးလှိုင်က လက်ဆွဲမီးအိမ်ကို စပြီး တည်ထွင်ခဲ့တာ၊ အဲဒီတုန်းက ယောမြို့စားဘဝနဲ့မို့ တီထွင်သူကို ဂုဏ်ပြုတဲ့အနေနဲ့ ယောမှန်အိမ်လို့တောင် ခေါ်ကြတယ်သားရဲ့"

"ဖေဖေကလည်း ဒါလေးများ"

"မောင်လေးကလည်း ဖေဖေပြောတာ ဆက်နားထောင်ဦး"

"နောက်တော့ ပြင်သစ်ကို ပညာတော်သင်သွားရတယ်။ ယောမြို့စားကနေ ယောအတွင်းဝန်ဖြစ်တော့ ပြင်သစ် ဘာသာနဲ့ ပြုစုထားတဲ့၊ ရေးထားတဲ့ ဓာတုဗေဒကျမ်းကို ပထမဦးဆုံး မြန်မာ



ဘာသာ ပြန်ဆိုနိုင်ခဲ့တယ်သား၊ အဲဒီကျမ်းကြီးကို လောကဓာတ်ဆေးကျမ်းလို့ အမည်ပေးထားတယ်"

"ဖေဖေ၊ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က တော်လိုက်တာနော်"

"ဒါတင်ဘယ်ကဦးမလဲ သမီးရဲ့ ၊ ကြေးနန်းရိုက်တဲ့နည်းကိုလည်း သူပဲ တီထွင်ခဲ့တာပဲ သမီး၊ ကြေးနန်းရိုက်နည်းကျမ်းကို နိုင်ငံခြားသား တစ်ယောက် အဲဒီအချိန်ကပဲ အင်္ဂလိပ်လို ပြန်ရေးခဲ့ရတာ"

မောင်လေး သန့်ရာဇာ ဘာမှ ဆက်မပြောတော့ပါ။ ငြိမ်၍ နားထောင်နေသည်။ ကျွန်မကမူ နေပူဒဏ်ကို ဖေဖေ၏ ဗဟုသုတဖြစ်သော စကားသံဖြင့် လွှမ်းခြုံထားသည်။

"ဖေဖေ၊ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က ကျမ်းစာအုပ်တွေ ရေးခဲ့တာဆိုတော့ ဘယ်နှစ်အုပ် ရေးခဲ့တာလဲဟင်"

"တချို့ကလည်း (၁၉)ကျမ်း၊ တချို့ပုဂ္ဂိုလ်တွေကလည်း ကျမ်း (၂၀)လို့ ပြောကြတယ် သမီးရဲ့၊ အဲဒီကျမ်းတွေထဲ မှာတော့ မြန်မာလိုပြောရရင် ကြေးနန်းရိုက်နည်း၊ ဗေဒင်တွက်နည်း၊ ဆေးဖော်နည်း၊ မြင်းမွေးနည်း၊ ဓာတ်ကျမ်း၊ ကမ္ဗဋ္ဌာန်းရှုနည်း၊ ကဗျာစပ်နည်း၊ တိုင်းပြည်အုပ်ချုပ်နည်း စတဲ့ကျမ်းတွေက နာမည်ကြီးတယ်။ ရွှေပြည်ဝန်ကြီးရေးထားတဲ့ ကျမ်းတွေနဲ့ အဲဒီခေတ်က တက္ကသိုလ်ကျောင်း တည်ထောင်နိုင်တယ်လို့ ပညာရှိ ပုဂ္ဂိုလ်တွေက အဆိုအမိန့်ပြုကြတယ် သမီး"

စကားပြောရင်းနှင့်ပင် ဖေဖေတို့ သွားလိုသည့် ရွာအနီးသို့ ရောက်လာသည်။ ထိုစဉ် မောင်လေး သန့်ရာဇာက တအံ့တသြ ကျွန်မအား ခေါ်၍ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမရေ၊ မမ ဒီမှာကြည့်စမ်း နွားလှည်းကြီးကို လှေနှစ်စင်း ပေါ်တင်မောင်းလာတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ပိုင်တယ် ကွာ"

"ဟုတ်တယ်နော်၊ ဖေဖေ၊ အံ့ဩဖို့ကောင်းလိုက်တာ"

"ဒီချောင်းက လက်ဝဲချောင်းလို့ ခေါ်တယ်သမီးရဲ့၊ ရှေ့က ရွာက ပေါက်ချောင်းရွာလို့ ခေါ်တယ်၊ ရွာထဲကနေ တောင်သူလုပ်ဖို့ လှေနှစ်စီးပူးပြီး လှည်းတင်တဲ့လှေကို သူနည်းသူဟန် တီထွင်ထား တာပေါ့ကွယ်"


နွားလှည်းတင်သည့် လှေနှစ်စီးပူးကြီးလည်း ကျွန်မတို့ ရှိရာဘက်ကမ်းသို့ ကပ်လာသည်။ ကျွန်မတို့အားလုံးလည်း လှည်း တင်လှေကြီးဖြင့် ပင်းချောင်းကို ဖြတ်ကူးကြသည်။ ချောင်းဖြတ် ကူးစဉ် ကျွန်မက ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်အကြောင်းကို တွေးမိ ပြန်သည်။

မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ဟု ခေါ်ထိုက် ပါပေသည်ဟုပင် စဉ်းစားမိသည်။

ထို့အတူ ကျေးလက်တောရွာလေးတစ်ရွာမှ မဟာ လူရည်ချွန် ရွှေပြည်ဝန်ကြီး၊ ပညာရှိကြီး တစ်ဦးမွေးဖွားပေးခဲ့သဖြင့် ကျွန်မကို ကျွန်မအားတက်မိပါသည်။ ဤရွာပုလဲ ရွာကလေး အတွက်လည်း များစွာ ဂုဏ်ယူဟမ်းမြောက်မိသည်။

⌘ ⌘ ⌘ ⌘ ⌘





မြောင်မြို့ ရွှေပေါ်ကျွန်းဘုရားတွင် တွေ့ခဲ့ရသည့် ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ ပုံတူပန်းချီ

www.burmeseclassic.com

www.burmeseclassic.com





မြောင်မြို့နယ်၊ ရွာပုလဲကျေးရွာအခြေခံပညာအလယ်တန်းကျောင်း
အနီးရှိ ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏
အထိမ်းအမှတ်ကျောက်တိုင်





မြောင်မြို့နယ်၊ ရွာပုလဲကျေးရွာနှင့် ရွာဦးစေတီတော်




မြောင်မြို့နယ်၊ ရွာပုလဲကျေးရွာရှိ ယောမင်းကြီး ရွှေပြည်ဝန်ကြီး
ဦးဘိုးလှိုင် မွေးဖွားခဲ့သည့်နေရာ

www.burmeseclassic.com

www.burmeseclassic.com





မြောင်မြို့ ရွာပုလဲကျေးရွာထိပ်ရှိ ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် အပိုင်စားရသည့် ဖိုးမိုတုန်း (ဖိုးဖုတ်တုန်း)

# သင်္ဖာဆရာတော်ကြီး၏ ဇာတိရွာ

ကျွန်မတို့ ပေါက်ချောင်းရွာကြီးထဲသို့ ရောက်ရှိလာ ည်။ ရွာလမ်းပေါ်တွင် နေပြောက်မျှပင် မထိုးပါ။ သစ်ပင် ြီးငယ်တို့ အုပ်ဆိုင်းလျက်ရှိသည်။ စိမ်းစိုသာယာလျက် ပါသည်။ ကျေးငှက်သာရကာတို့၏ သဘာဝမြည်ကျူး ကား သာယာချမ်းမြေ့ဖွယ် ကောင်းလှသည်။

"သမီးရေ၊ ဟောဒီပေါက်ချောင်းရွာက သင်္ဖာ ရာတော်ဘုရားကြီးရဲ့ မွေးရာဇာတိပေါ့"

"ဘယ်က သင်္ဖာဆရာတော်ဘုရားကြီးလဲ ဖေဖေ"

"ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းကြီးနဲ့ သီပေါ င်းတရားကြီးတို့ရဲ့ မင်းဆရာအဖြစ် ထင်ရှားကျော်ကြား တဲ့ ဆရာတော်ကြီးပေါ့၊ သမီးရဲ့"

ကျွန်မနှင့် ဖေဖေ စကားပြောနေစဉ် မောင်လေး န့်ရာဇာကလည်း သူသိချင်သည့် မေးခွန်းတစ်ခုကို ဝင် သည်။ မောင်လေးသန့်ရာဇာ မေးခွန်းက ကျွန်မ သိလို ာ အချက်ဖြစ်သည်။

"ဖေဖေ၊ သင်္ဖာဆရာတော်ကြီးက ဘာလို့ မင်း ာဖြစ်တာလဲ၊ ဘယ်လောက်ထိ ပညာတတ်လို့လဲ ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



"ပညာတတ်လို့ မင်းဆရာဖြစ်တာပေါ့ သားရယ်၊ သင်္ဂဇာဆရာတော်ဘုရားကြီးဟာ ပါဠိနဲ့တကွ အဋ္ဌကထာစုံ ပိဋကတ်သုံးပုံကို အလုံးစုံတတ်မြောက်တယ် သားရဲ့"

"အခုခေတ် ပိဋကတ်သုံးပုံကို တတ်ကျွမ်းတဲ့ ဆရာတော်ကြီး မရှိဘူးလားဖေဖေ"

"ရှိတာပေါ့ သမီးရဲ့၊ အခုဆို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရတာ (၁၁)ပါး တောင် ရှိပြီကွယ်၊ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသတို့ ယောဆရာတော်ကြီး သီရိန္ဒာဘိဝံသ . . . စတဲ့ ဆရာတော်ကြီးတွေလိုပေါ့ကွယ်"

"ဖေဖေ ပါဠိလို သိပ်မပြောနဲ့ဗျ၊ သားတို့က နားလည်တာမဟုတ်ဘူး၊ အခု ဖေဖေပြောတဲ့ ပိဋကတ်သုံးပုံဆိုတာတောင် နားလည်တာမဟုတ်ဘူး"

"ပိဋကတ်သုံးပုံဆိုတာက သုတ်၊ ဝိနည်း၊ အဘိဓမ္မာကို ခေါ်တာသားရဲ့၊ အလွယ်ကူဆုံးပြောရရင် သားတို့ ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်အားလုံးကို ဆိုလိုတာပေါ့"

"သင်္ဂဇာဆရာတော်ကြီးက ဘုရားဟောခဲ့တဲ့ တရားတော်တွေကို တတ်ကျွမ်းတယ်ဆိုတော့ တော်လိုက်တာနော် ဖေဖေ"

"ဒါပေါ့ သမီးရဲ့"

ပေါက်ချောင်းရွာထဲသို့ ရောက်လာသည့်အခါ ကျောင်းဆရာတစ်ယောက်က လာကြိုသည်။ ကျောင်းဆရာက အခြားသူ မဟုတ်။ ဖေဖေ၏အစ်ကို ဝမ်းကွဲကျောင်းဆရာ ဦးကြည်မြင့် ဖြစ်သည်။ ကျွန်မတို့၏ ဦးလေးတစ်ဝမ်းကွဲပင် ဖြစ်သည်။



ကျွန်မတို့ ကျောင်းဆရာ ဦးကြည်မြင့်တို့ အိမ်သို့ ဝင်၍ ခဏနားကြသည်။

မကြာမီ ဦးကြည်မြင့် ရွာထဲမှ ပြန်ရောက်လာသည်။

"ကဲ ညီလေးနဲ့ သမီးတို့၊ သားတို့လာကြ၊ ရွာလူကြီးအိမ်မှာ လူကြီးတွေစုထားတယ်၊ မင်းတို့ သိချင်တာမေးကြ"

ဦးကြည်မြင့်လာခေါ်သဖြင့် ရွာလူကြီးအိမ်သို့ သွားကြသည်။ ရွာခံလူကြီးအိမ်သို့ ရောက်ရှိသည့်အခါ သင်္ဂဇာ ဆရာတော်ကြီးအကြောင်း ပြောပြမည့်လူကြီး သုံးလေးဦး တွေ့ရသည်။

ဘယ်သူမှမမေးမီ ကျွန်မကပဲ စတင်၍ သင်္ဂဇာဆရာတော်ကြီးအကြောင်းကို မေးခဲ့သည်။

"ဘဘ . . . ဒီပေါက်ချောင်းရွာက သင်္ဂဇာဆရာတော်ကြီးရဲ့ ဇာတိရွာဆိုတော့ ဆရာတော်ကြီးရဲ့ ဆွေမျိုးတွေ ဘာတွေ ရှိသေးလားရှင့်"

"ရှိသေးတယ်ကွယ့်၊ သင်္ဂဇာဆရာတော်ကြီးရဲ့ အဖေက ဦးလွမ်းပြေတဲ့ကွယ့်၊ ဆရာတော်ကြီးရဲ့ ငယ်နာမည်က မောင်ပို ခေါ်တယ်"

"ဘဘ. . . ဆရာတော်ကြီးရဲ့ အမေနာမည်ကရော၊ ဘယ်သူလဲဟင်"

"ငါ့မြေးမေးမယ်ဆိုလည်း မေးစရာပဲ၊ အမှန်က ဘဘက မသိလို့ မပြောတာကွယ့်၊ သမိုင်းစာအုပ်တွေမှာလည်း ရှာဖတ်လို့ မတွေ့မိဘူး၊ ရွာထဲက သက်ကြီးရွယ်အိုတွေ ပြောသွားတဲ့အသံလည်း မကြားမိတော့ ဘဘတို့လည်း မသိဘူးပေါ့"

သင်္ဂဇာဆရာတော်ကြီး၏ မိခင်အမည် မသိရသဖြင့် ကျွန်မများစွာဝမ်းနည်းမိသည်။ ဘာကြောင့် မိခင်အမည်ကို

www.burmeseclassic.com

www.burmeseclassic.com



ထိန်ချန်ထားသည်ကို ကျွန်မ နားမလည်ပါ။ အကြောင်းထူးရှိမည်ဟု ကျွန်မထင်သည်။

ဘကြီးလှက ကျွန်မအားရှင်းပြနေစဉ် ဘကြီးထူးက ကြားဝင်၍ ထပ်မံရှင်းပြသည်။

"ဒီလိုရှိတယ် ငါ့မြေးရဲ့. . . . ဘကြီးထူးတို့က ဆရာတော်ရဲ့ မယ်တော်အမည်ကို တိတိကျကျ မသိပေမယ့်၊ ဆွေစဉ်မျိုးဆက်တွေကို မှတ်သားထားတယ်ကွယ့်"

"ဟုတ်ကဲ့ရှင့်၊ ဘဘကြီးရှင်းပြပါဦး"

"ဒီအကြောင်းတွေက သမိုင်းစာအုပ်တွေမှာ မပါဘူးကွယ့်၊ သေချာမှတ်သားထားကြနော်"

"ပြောပါ ဘဘကြီး သမီးတို့မှတ်သားထားပါတယ်"

"ဆွေစဉ်မျိုးဆက်အရ ဦးလွှမ်းပြေနဲ့ ဇနီးက မောင်ပို ဆိုတဲ့ သင်္ဂဇာဆရာတော် လောင်းလျာ လေးတစ်ယောက်ပဲ မွေးတာ၊ ဦးလွှမ်းပြေက နောက်မိန်းမနဲ့ မွေးတာကသားသမီးသုံးယောက်ရှိတယ်၊ မပိုးမရယ်၊ ဦးဆယ်ကြီးရယ်၊ မမွေးအုံရယ်ပေါ့ကွယ်၊ ဆရာတော်ကြီးနဲ့ သူတို့သုံးယောက်က အဖေတူ အမေကွဲတွေပေါ့"

ဦးလွှမ်းပြေရဲ့ သားဦးဆယ်ကြီးကနေ မကျည်းတန်၊ ဦးပေါ်မြနဲ့ ဦးဒါနတို့ကို မွေးခဲ့တယ်။ အဲဒီတုန်းက ဦးဆယ်ကြီးက ရွာသူကြီးပေါ့။ဦးဆယ်ကြီးရဲ့သား၊ ဦးလွှမ်းပြေရဲ့ မြေးရွာသူကြီးဦးပေါ်မြကနေ ဒေါ်ဖွားမယ်၊ ဒေါ်သိန်းညွန့်၊ ဒေါ်သိန်းဟန်၊ ဒေါ်စိန်တိုး၊ ဒေါ်နွဲ့၊ ဦးမောင်တင်ဆိုတဲ့ သားသမီးခြောက်ယောက်မွေးခဲ့တယ်။ သူတို့ကြတော့ ဦးလွှမ်းပြေရဲ့ မြစ်တွေပေါ့ကွယ်"

"အခု သူတို့တစ်တွေရော သက်ရှိထင်ရှားရှိသေးရဲ့လား"



"အင်း အခုဆို ဒေါ်သိန်းဟန်နဲ့ ဒေါ်နွဲ့၊ နှစ်ယောက်ပဲကျန်တော့တယ်"

ဘကြီးထူးက သင်္ဂဇာဆရာတော်ကြီး၏ ဆွေစဉ်မျိုးဆက်တစ်လျှောက်လုံးပြောပြခဲ့ပါသည်။ ယင်းသို့ပြောပြနိုင်ခြင်းမှာ ဘကြီးထူးသည် သင်္ဂဇာဆရာတော်၏ တပည့်သာမက ဦးဖိုး၏မြေးဖြစ်သောကြောင့် ဖြစ်သည်။

ဘကြီးထူးက စကားပြောကောင်းသူဖြစ်သည်။

ကျွန်မတို့လို လူငယ်များပင်နားလည်အောင် ပြောနိုင်သည်။ စိတ်ဝင်စားအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။

"ဘဘကြီးတို့က သင်္ဂဇာဆရာတော်ကြီးရဲ့ မယ်တော်နာမည်မမှတ်သားလိုက်ရပေမယ့် သူတို့ဇာတ်ကြောင်းကိုတော့ ရှေးလူကြီးတွေ ပြောပြလို့တော်တော်လေး ကြားဖူးခဲ့တယ်ကွယ့်"

"ဘဘကြီးတို့ ကြားဖူးတာတွေ ပြောပြပါဦး၊ သမီးနားထောင်ချင်လို့ပါ"

"ဒီလိုကွယ့်၊ သင်္ဂဇာဆရာတော်ကြီးမယ်တော်က ပေါက်ခြောင်းကို လယ်ရိတ်ရောက်လာတာ၊ အဲဒီမှာပဲ ဦးလွှမ်းပြေနဲ့ လူငယ်သဘာဝ ချစ်ကြိုက်ကြတာပေါ့သမီးရယ်။ ဒါပေမယ့် ဦးလွှမ်းပြေရဲ့ မိဘတွေကသဘောမတူဘူးတဲ့။ သဘောမတူတော့ တစ်ခြား မိန်းမတစ်ယောက်နဲ့ ပေးစားလိုက်တာပေါ့ကွယ့်"

အဲဒီမှာ သင်္ဂဇာဆရာတော်ရဲ့ အမေမကသူကို မထင်မရှားနဲ့ မွေးရတာပေါ့၊ ရှင်းရှင်းပြောရရင်တော့ အဖေမပေါ်ဘဲ သင်္ဂဇာဆရာတော်လောင်းလျာလေးကို မွေးခဲ့ရတာ၊ မွေးလာတဲ့ ကလေးကိုလည်း ဦးလွှမ်းပြေက အသိအမှတ်မပြုဘူး၊ ဒါပေမယ့် ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့အမေက သူ့ရွာကိုမပြန်တော့ဘဲ ပေါက်ချောင်းမှာပဲ လုပ်ကိုင်စားသောက်နေခဲ့တာ။

ငယ်နာမည်မောင်ပိုလို့ခေါ်တဲ့ သင်္ဂဇာဆရာတော်လောင်းလျာလေး ခြောက်နှစ်သားအရွယ်ရောက်တော့ သမီးတို့လာခဲ့တဲ့ ရွာပုလဲရွာရဲ့ အနောက်နား၊ ပေါက်ချောင်းရွာရဲ့ တောင်ဘက်မှာရှိတဲ့ တောကျောင်းမှာ ကျောင်းအပ်ပြီး စာသင်ခိုင်းခဲ့တာပေါ့ ငါ့မြေးရယ်။

ဦးလွမ်းပြောကလည်း သူ့အိမ်ကပေးစားတဲ့ မိန်းမကလေးတွေ ဘာတွေရလို့ပေါ့။ သူက လေးအရွယ် ရောက်လာတော့ ရှင်ပြုတာပေါ့၊ ဒါပေမယ့် သင်္ဂဇာဆရာတော်လောင်းလျာ မောင်ပိုလေးကိုတော့ ထည့်ပြီး ရှင်ပြုမပေးဘူးတဲ့။

နောက် သင်္ဂဇာဆရာတော်လောင်းလျာ မောင်ပိုလေးဟာ မင်းတုန်းမင်းတရားကြီးရဲ့ ရှင်တော်ပြုမင်္ဂလာကျမှ ရှင်ပြုရသတဲ့။ အဲဒီကျမှ ကိုရင်ဖြစ်တာပေါ့ကွယ်"

နေဦးကွယ့်၊ မောင်ပိုကလေးဟာ ကျောင်းမအပ်ရသေးခင်ကတည်းက ပညာပါရမီရှိတဲ့ကောင်ကွယ့်၊ အိမ်မှာ ပက်လက်လှန်ပြီး အိပ်နေရင်းနဲ့ အိမ်မိုးမှာထိုးထားတဲ့ လျှော်ခွေကလေးတွေကြည့်ပြီး သဝေထိုး၊ ဟိုဟာကလေးက ခချွေးဆိုပြီး ပြောပြနေတာတဲ့ ကြည့်စမ်း"

မောင်ပိုကို တောကျောင်းဘုန်းကြီးဆီ မအပ်ခင် ဘုန်းကြီးကအိပ်မက်မက်တယ်တဲ့။ အဲဒါက သူ့ရဲ့ညာဘက် ရင်နို့ကို ကျောင်းသားစို့တယ်လို့ ထူးထူးခြားခြားမက်ခဲ့တယ်တဲ့"

"အဲဒီနောက် သင်္ဂဇာဆရာတော်လောင်းလျာ မောင်



ဟာ သူ့ကျောင်းရောက်လာတာပဲ ဆိုပါတော့ကွယ်၊ ဘုန်းကြီးက မောင်ပိုကို ကိုရင်ကြီးဆီမှာအပ်ပြီး စာသင်ခိုင်းတာပေါ့။ ကိုရင်ကြီးက စာချပေးတော့ မောင်ပိုက စာမလိုက်ဘူးတဲ့၊ ဒီတော့ ကိုရင်ကြီးက ဘာနေမတုန်းရိုက်တော့တာပေါ့။ မောင်ပိုကငို ကိုရင်ကြီးက ရိုက်နဲ့ပေါ့"

"အဲဒီအချိန်မှာ ဘုန်းကြီးရောက်လာပြီး ဟဲ့ဘာဖြစ်လို့တုန်း"

"တင်ပါ့၊ စာမလိုက်လို့ရိုက်နေတာပါဘုရား"

"မောင်ကျောင်းသားက ဘာလို့စာမလိုက်တာတုန်း လိုက်လေပေါ့"

"မှန်ပါ့ ကိုရင်ကြီးချတဲ့ စာတွေကမှားနေလို့ တပည့်တော်မလိုက်တာဘုရားလို့ ဘုန်းကြီးကိုပြန်လျှောက်တာပေါ့ကွယ်၊ အဲဒီမှာ ဘုန်းကြီးက ဒါဖြင့် မင်းကစာတွေရနေလို့ပေါ့"

"တင်ပါ့"

"ကဲဒါဖြင့် ရွတ်ပြစမ်းဆိုတော့ သင်္ဂဇာဆရာတော်လောင်းလျာ မောင်ပိုက ရွတ်ပြနိုင်သတဲ့ကွယ်၊ အဲဒီလောက်ထိ ပညာပါရမီကောင်းတာ"

"မောင်ပိုရဲ့ ပညာပါရမီက ဒါတင်မကသေးဘူးကွယ့်"

ကိုရင်ဘဝရောက်တော့ တောကျောင်းမှာ စာသင်နေတာ နေ၊ ဆီးမီးခုံကလယ်ကွက်ကြီး ရွာ၊ မြင်းခြံနယ်ထဲကို တစ်ပါးထဲ စာသင်ဖို့သွားတာ၊ ဘုန်းကြီးက ကျောင်းတွေသံဃာတွေများလို့ ဆက်မခံဘူးတဲ့၊ နေဦးကွယ် မောင်ပိုရဲ့ ဘွဲ့အမည်က ရှင်အဂ္ဂမွလို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်၊ ဟုတ်တယ် ရှင်အဂ္ဂဓမ္မဟာ တည်းခိုခွင့်တောင်းတ
ဘုန်းကြီးက သုံးရက်ပဲ တည်းခိုခွင့်ပေးသတဲ့။

ညရောက်တော့ အဲဒီကျောင်းမှာ ကိုရင်ကြီးက စာ
ပေးနေတာတဲ့၊ ကျောင်းသားတွေ ကိုရင်တွေများတော့ သင်္ဂ
ဆရာတော်လောင်းလျာ ကိုရင်အဂ္ဂဓမ္မက ခွေးကတက်ကနေ န
ထောင်ရသတဲ့"

အဲဒီလိုနားထောင်ရင်းပဲ ကိုရင်စာချနေတဲ့ အမှားတွေ
သင်္ဂဇာဆရာတော်လောင်းလျာ ကိုရင်အဂ္ဂဓမ္မ အောက်က
ထောက်၊ ထောက်ပေးတာပေါ့ကွယ်၊ စာထောက်သံကို ကျောင်း
ဘုန်းကြီးက ကြားသတဲ့။

"ဟဲ့ အောက်ကနေ စာထောက်နေတာ ဘယ်သူတုန်း
မေးတာ"

"တင်ပါ့၊ တပည့်တော်အာဂန္တုကိုရင်ပါဘုရားလို့
သတဲ့"

"အာဂန္တုကိုရင်လေး အပေါ်ကြွပါဦးလို့ခေါ်ပြီး ကို
လေးက ဒီစာတွေရလို့လား၊ ကိုရင်ကလည်း ရပါတယ် ဘုရား
ပြန်လျှောက်တာပေါ့လေ။ ဒါဖြင့် ကိုရင်လေးဘယ်မှ ကြွမ
တော့၊ ငါ့ ကျောင်းမှာပဲ စာတက်စာချ လုပ်ပေတော့လို့ ကျောင်း
ဆရာတော်ကြီးက ပြောတာပေါ့ကွယ်"

အဲဒီမှာတင် သင်္ဂဇာဆရာတော်လောင်းလျာ ကိုရင်
ဓမ္မက တပည့်တော် စာသင်စာချ မလုပ်နိုင်ပါဘူးဘုရား၊ ဘာ
ဆိုတော့ တပည့်တော်က စာထောက်နေရတော့ တပည့်



သက် စာတတ်မှာ မဟုတ်ပါဘူးဘုရား၊ တပည့်တော်သုံးရက်ပြည့်
င် အခြားကျောင်းတွေမှာ စာသင်ဖို့သွားပါရစေ ဘုရားလို့
လျှောက်ခဲ့သတဲ့။

သင်္ဂဇာဆရာတော်ကြီးအကြောင်းကို ဘကြီးထူး အချိန်
တော်ကြာ ပြောလိုက်ရသဖြင့် မောသွားဟန်ရှိသည်။ ဘကြီးထူး
ကွမ်းမကိုယ်တိုင်ပင် ရေတစ်ခွက်ထခပ်ပေးမိသည်။ မောင်လေး
နရာဇာလည်း ဆရာတော်ကြီး၏ ငယ်ဘဝဇာတ်ကြောင်းကို
တ်ဝင်စားဟန်ရှိသည်။ ငြိမ်၍နားထောင်နေသည်။

"ဘကြီးထူး ဒီအကြောင်းတွေက စာအုပ်တွေထဲမှာ ပါလား
င်"

'မပါဘူး ငါ့မြေးရဲ့၊ ဒီအကြောင်းတွေက စာအုပ်တွေထဲမှာ
ဘူးကွယ့်၊ ဒီနေရာမှာ သင်္ဂဇာ ဆရာတော်ကြီးရဲ့ မယ်တော်ဟာ
ခွမ်းပြေရဲ့ အငယ်အနှောင်းမဟုတ်ဘူးနော်၊ မိဘတွေသဘော
ညီလို့ကွဲသွားပြီး ဆရာတော်လောင်းလျာမွေးတာ၊ အဲ နောက်
ခု ဆီးမီးကန်လယ်ကွက်ကြီး ကျောင်းကိုစာသွားသင်တော့
ရာတော်လောင်းလျာ ကိုရင် အဂ္ဂဓမ္မကို အဖေမပေါ်ဘဲ မွေးလို့
ပြီး ခွေးကတက်မှာထားတာမဟုတ်ဘူး၊ ကျောင်းသားတွေ၊ ကိုရင်
ကများလို့ အဲဒီနေရာကနေ စာသင်ရတဲ့ သဘောပြောတာနော်
မြေးတို့၊ အမှတ်မမှားကြနဲ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဘကြီးထူး"

"ဘကြီးထူးရေ အချိန်ကလည်း နည်းနည်းလင့်နေပြီ၊
ဇာဆရာတော်ကြီးမွေးခဲ့တဲ့နေရာကို လိုက်ပြပါဦး"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၏တောင်းပန်မှုကြောင့် ဘကြီးထူးနှင့် ရွာခံလူကြီ
များက သင်္ဂဇာဆရာတော်ကြီး မွေးဖွားနေထိုင်ခဲ့ရာ မြေနေရာ
လိုက်ပြပေးသည်။ ဆရာတော်ကြီး မွေးဖွားနေထိုင်သည့် မြေနေ
မှာ ထူးထူးခြားခြားမတွေ့ရ။ နောက်လူများက ဆက်လက်နေထို
လျက်ရှိသည်ကိုသာ ကျွန်မမြင်တွေ့မိသည်။

"ဘဘကြီး ဆရာတော်ကြီး အထိမ်းအမှတ် ကျောက်စ
တိုင်မရှိဘူးလားဗျ၊ မမက ကူးချင်လို့"

"အိုမောင်လေးကလည်း နောက်နေပြန်ပြီ"

ကျွန်မမောင်လေးက ကျွန်မကိုငေါ့နေမှန်းသိသည်
သို့သော် ဘကြီးထူး၏အဖြေကြောင့် မောင်လေးသန့်ရာဇာ အံ့
သွားသည်။

"ကျောက်စာတိုင်လား၊ ရှိတယ်လူကလေးရဲ့၊ မစိုက်
ဖြစ်သေးလို့ ဖောင်တော်ဦးကျောင်းမှာ ထားတယ်။ ဘဘလို
ပြမယ်"

ဘကြီးထူးနှင့် အဖွဲ့လိုက်ပြသဖြင့် ပေါက်ချောင်းကျေး
ထဲမှ ဖောင်တော်ဦးကျောင်းသို့ သွားကြသည်။ ဖောင်တော်
ကျောင်းမှာ ရွာနှင့်သီးခြားဖြစ်သည်။ ရဟန်း သံဃာတော်လ
များများစားစား မတွေ့ရ။ ကျောင်းတွင်း သို့ရောက်သည့်အ
ဆရာတော်အားကန်တော့သည်။ ထို့နောက် သင်္ဂဇာဆရာတော်ကြီး
အထိမ်းအမှတ် ကျောက်စာတိုင်ကို ကြည့်ရှုကြသည်။ ထုံးစံအတို
ကျွန်မက ကျောက်စာတွင် ပါရှိသောစာများကို ကူးယူသည်။



သင်္ဂဇာဆရာတော်ကျောက်စာ

မင်းတုန်းမင်းတရားကြီး၏ ကြည်ညိုလေးစား ပူဇော်
ခြင်းခံရသော

ပြဿနာပေါင်းစုံကို သင့်တင့်လျောက်ပတ်အောင်
ဖြေဆိုနိုင်သော။ ။

တင်္ခဏုပ္ပတ္တိဉာဏ် လျင်မြန်သော-

ဟိတ်တန်ခိုးနဲ့ ပရိတ်အိုးထဲမှာ ရေမပွတ်နိုင်၊
ပုခန်းဘက်က ရဟန်းလူထွက်ဆိုရောင်းသလို၊
ချဉ်ပေါင်ကို ကာပြန်လို့ဝက်သားထဲ ခြေကန်
ရှန်း၊
သွားတော့ကတုံး၊ အရက်ပြတ်တော့ ခွက်ကပ်နဲ့
မူးသတဲ့၊
မဘုတ်ဆုံတောင်ကိုစောင်း ဘေးသင့်အောင်
ကောင်း၊
သမန္တာလာချင်ပါရဲ့လေး မနေ့ညက ဒူနာ တေး
ကြောက်လှချည့်လေး။ ။

သည့်စကားပုံဟောပြောချက်များနှင့် မြန်မာမှုနှင့်သာသနာ
နယ်ပယ်တွင် ထင်ပေါ်ကျော်ကြားခဲ့သော
ဂ္ဂဓမ္မာလင်္ကာရ ကဝိဓဇ, မဟာဓမ္မရာဇာဂုရု
ဘွဲ့တံဆိပ်တော်ရ
သင်္ဂဇာဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့သက္ကရာဇ် ၁၁၇၇-နယုန်လဆန်း (၁၄) ရက်၊ တနင်္ဂနွေနေ့

မွေးရပ်ဇာတိ ပေါက်ချောင်းရွာ၊ မြောင်မြို့နယ်
မိခင်အမည် - ဦးလွမ်းပြေ၊ ဒေါ်အောင်
ငယ်မည် - မောင်ပို
သက်တော် - (၇၂) နှစ်၊ ၁၂၄၈ ခုနှစ်၊ ဝါခေါင်လဆန်း (၁၀) ရက်နေ့ နာရီပြန် (၂) ချက်တီးတွင် ပျံလွန်တော်မူသည်။

ကျွန်မကျောက်စာကူးရင်း ဝမ်းသာစရာတစ်ခုကို သွားတွေ့သည်။ အခြားမဟုတ်။ သင်္ဂဇာဆရာတော်ဘုရားကြီး၏ ကျောက်စာတွင် ဆရာတော်ကြီး၏ မယ်တော်အမည်ကို တွေ့လိုက်ရသဖြင့် ဖြစ်သည်။

ကျောက်စာအလှူရှင်မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းအောင်နှင့် ဒေါ်ခင်ဝင်း ဖြစ်ကြောင်းလည်း သိရသည်။

ကျွန်မကျောက်စာကူးပြီးသည့်အခါ ဘုန်းတော်ကြီးနှင့် ဘကြီးထူးတို့ ရွာလူကြီးများအား နှုတ်ဆက်၍ကျောင်းမှ ထွက်ခွာခဲ့ကြသည်။

ပေါက်ချောင်းမှ ရွာပုလဲသို့အပြန် မြေပဲခင်းများ၏ ရွက်စိမ်းရနံ့တို့က လွင့်ပျံနေသည်။ လတ်ဆတ်နွေးထွေးသော လေနုအေး၏ အရသာကို ခံစားရင်း ကျွန်မတဝကြီး ရှူရှိုက်မိသည်။

ရွာပုလဲရွာထဲသို့ရောက်လာသည့်အခါ သင်္ဂဇာဆရာတော်ကြီးအကြောင်း ဖေဖေ့အားဆက်မေးမိသည်။



"ဖေဖေ. . . သင်္ဂဇာဆရာတော်ကြီးက ဘယ်မှာကျောင်းထိုင်တာလဲဟင်"

"အင်း. . . နေဦးသမီးရဲ့ သင်္ဂဇာဆရာတော်ကြီးက တစ်နေရာ၊ တစ်သမတ်တည်း ကျောင်းထိုင်တယ်လို့တော့ ကြားလည်းမကြားမိဖူး၊ ဖတ်လည်းမဖတ်ဘူးဖူး သမီးရဲ့၊ အမြို့မြို့အရွာရွာကို လှည့်လည် သီတင်းသုံးတယ်လို့ဆိုတယ်"

"နိုင်ငံခြားတွေ ဘာတွေရော သွားလားမသိဘူးနော်"

"ဖေဖေ ဖတ်ဖူးတဲ့စာအုပ်တစ်အုပ်မှာတော့ ရန်ကုန်ကနေ တစ်ဆင့် အိန္ဒိယပြည်၊ ကာလကတ္တားမြို့ကို သင်္ဘောစီးပြီး သွားဖူးတယ်၊ ကာလကတ္တားမှာရှိတဲ့ မင်းမျိုးမင်းနွယ်ဖြစ်တဲ့ ညောင်အုတ်မင်းသားရဲ့ သားတော်နှစ်ပါးကို ရှင်သာမဏေအဖြစ် သွတ်သွင်းပေးခဲ့တယ် သမီးရဲ့၊ သင်္ဂဇာဆရာတော်ကြီးဟာ အဲဒီမှာ ဝါတွင်းသုံးလပဲ နေခဲ့တာ"

ကျွန်မတို့ရွာပုလဲကျေးရွာထိပ်မှ ထွက်လာသည့်အခါ သဲသောင်လွင်ပြင်ကြီးကို ဖြတ်ကူးရမည်ဖြစ်သည်။ မောင်လေးသန့်ရာဇာက ညောင်းသည်ဟုဆိုကာ ဂျီကျနေသည်။

"ဖေဖေ. . . . သားညောင်းပြီ၊ လမ်းမလျှောက်နိုင်တော့ဘူး"

"လာလာ ငါ့တူ ဘဘကြီးထမ်းမယ်"

"ဟာ မဟုတ်တာ အစ်ကိုကြီးရာ၊ ဒီကောင်က သည်လိုပဲ ဂျီကျတတ်တာဗျ"

"လာသား ဖေဖေပုံပြင်ပြောပြမယ်၊ နားထောင်ရင်း လမ်းလျှောက်၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ မောင်လေးသန့်ရာဇာက ဖေဖေ့အနားသို့ တိုးကပ်သွားသည်။ ထို့အတူ ကျွန်မလည်း ဖေဖေပြောသော ပုံပြင်ကို နားထောင်ရန် ဖေဖေ့အနီးသို့ သွားသည်။

"သားနဲ့ သမီး အခုဖေဖေပြောပြမယ့် ပုံပြင်က သင်္ဂဇာ ဆရာတော်ကြီးရဲ့ စကားပုံ ပုံပြင်တွေထဲက ပုံပြင်တစ်ပုဒ်ကို ပြောပြမှာနော်"

"ဟုတ်ကဲ့ဖေဖေ"

ကျွန်မတို့မောင်နှမနှစ်ယောက်စလုံး ဖေဖေပြောပြမည့် ပုံပြင်ကိုအာရုံစိုက်လျက်ရှိပါသည်။

"သား အခုဖေဖေပြောပြမယ့် စကားပုံ ပုံပြင်က သင်္ဂဇာ ဆရာတော်ကြီးရဲ့ ကျောက်စာတိုင်မှာပါတဲ့ ချဉ်ပေါင်ကို ကာပြန်လို့ ဝက်သားထံ ခြေကန်ရုန်း သွားရော့ ကတုံးဆိုတဲ့ အကြောင်းပဲ"

တစ်ခါက သင်္ဂဇာဆရာတော်ကြီးဟာ မော်လမြိုင်မြို့မှာ ရှိတဲ့ မကျည်းတောကျောင်းမှာ သီတင်းသုံးနေတာပေါ့ ကွယ်၊ အဲဒီအခါ မြို့ထဲက ဆင်းရဲသားဒကာတစ်ဦး မနက်ဖြန်အရုဏ်တက် ဆွမ်းဘုဉ်းပေးဖို့ လာပင့်သတဲ့။ ဒီလိုပဲ နောက် ငွေကြေးချမ်းသာတဲ့ ဒကာကြီးတစ်ဦးကလည်း မနက်ဖြန် အရုဏ်တက်ဆွမ်းဘုဉ်း ပေးဖို့ လာပင့်ပြန်သတဲ့။ တစ်ချိန်ထဲမှာပဲ ဆွမ်းဘုန်းပေးဖို့လာပင့်တဲ့ ဒကာ နှစ်ယောက်တိုက်ဆိုင်နေတာပေါ့ကွယ်။

အဲဒီအခါ သင်္ဂဇာဆရာတော်ကြီးက အရင်လူနဲ့ နောက်လူ အပင့်ချင်းတူနေပြီ ဒကာကြီးတို့၊ ဥပမာစကားပုံဆောင် ပြောရရင် ချဉ်ပေါင်ကိုကာပြန်လို့ ဝက်သားထံခြေကန်ရုန်း သွားရော့ကတုံးဆို သလိုဖြစ်မှာစိုးရတယ်ဒကာကြီးတို့ရဲ့ဆိုပြီး အဲဒီ ဇာတ်ကြောင်းလေး ကို ပြောပြတာပေါ့ကွယ်။



ရှေးတုန်းကပေါ့ကွယ်၊ ဆင်းရဲသားဒကာကြီးတစ်ယောက် ကျောင်းထိုင်ဆရာတော်ကြီးကို ကြည်ညိုလွန်းလို့ဆိုပြီး အရုဏ်တက် ဆွမ်းဘုဉ်းပေးဖို့ စာလွှာနဲ့ပင့်သွားတာပေါ့၊ နောက် သူဌေးဒကာ ကလည်း နက်ဖြန်အရုဏ်တက် ဆွမ်းဘုဉ်းပေးဖို့ စာလွှာနဲ့ပင့်ပြန် သတဲ့။

ညရောက်တော့ ကျောင်းထိုင်ဆရာတော်ကြီးက အိပ်ရာ မဝင်ခင် စဉ်းစားသတဲ့၊ အင်း ဒကာနှစ်ဦးကတော့ တစ်ချိန်ထဲ တစ်ရက်ထဲ ငါ့ကိုဆွမ်းစားဖိတ်သွားပြီ။ တစ်ယောက်က ဆင်းရဲတော့ ချဉ်ပေါင်ဟင်းနဲ့ပဲ ဆွမ်းကျွေးနိုင်မှာ၊ နောက်တစ်ယောက်က သူဌေး ဆိုတော့ဝက်သားဟင်းနဲ့ ဆွမ်းကျွေးနိုင်မှာ သေချာတယ်လို့ စဉ်းစား မိသတဲ့။

မနက်အရုဏ်တက်ချိန်ရောက် ဆွမ်းဒကာနှစ်ဦးစလုံးက ကျောင်းထိုင်ဆရာတော်ကြီး လာပင့်ကြတာပေါ့၊ အဲဒီအခါ ဆရာတော်ကြီးက နှစ်ဦးနှစ်ဖက်ညီမျှအောင်ဆိုပြီး ဒကာ နှစ် ယောက်ကို ဘယ်တစ်ဖက် ညာတစ်ဖက်စီကနေ ငါ့ကိုဆွဲကြ ပါသွား တဲ့ဒကာနောက် ဘုန်းကြီးလိုက်မယ်လို့ပြောသတဲ့။

ဒကာနှစ်ဦးလည်း အဟုတ် ဟိုဘက်သည်ဘက် အပြိုင် ဆွဲကြတာပေါ့ကွယ်၊ အဲဒီမှာ ကျောင်းထိုင်ဆရာတော်ကြီးဟာ ညက သူစဉ်းစားထားတဲ့အတိုင်း ချဉ်ပေါင်ဟင်းနဲ့ ဆွမ်းကပ်မယ့် ဆင်းရဲ သား ဒကာဘက်ကို ခြေကန်ပြီးရုန်းသတဲ့။

အဲဒါကို ဆင်းရဲသားဒကာက ရိပ်မိတော့ဘုန်းကြီးလက် ကို လွှတ်လိုက်ပြီး ချဉ်ပေါင်ကိုကာပြန်လို့ ဝက်သားထံ ခြေကန်ရုန်း သွားရော့ကတုံးလို့ ဆိုပြီးကတာပေါ့၊ အဲဒီအချိန်မှာ ဘုန်းကြီးနဲ့

www.burmeseclassic.com



သူ့ငွေဒင်္ဂါးဟာ နှစ်ယောက်သား ကြမ်းပြင်ပေါ် လဲကျပြီးမထနိုင်ရှာဖူးတဲ့။

သင်္ဂဇာဆရာတော်ကြီး အဲဒီစကားပုံ ပုံပြင်လေးကိုပြောပြီး အခုလဲတစ်ချိန်တည်းတစ်ရက်တည်း ဆွမ်းပင့်တာချင်းတူနေတယ် နောက်လူနောက်လိုက်ရင် ဝက်သားထံခြေကန် ရှန်းတယ်ဖြစ်နေဦးမယ် ဒင်္ဂါးတို့ဝိနည်းတော်အရ ချဉ်ပေါင်ဟင်းနဲ့ပဲ ဆွမ်းကပ်ကပ် အရင်ပင့်တဲ့လူနောက်ကို လိုက်ရမယ်လို့ ပြောတော့ ဒင်္ဂါးနှစ်ယောက်စလုံး ကျေနပ်သွားကြတာပေါ့ကွယ်။

"ကဲ သားနဲ့သမီး၊ နားထောင်ကောင်းကြရဲ့လား"

"ကောင်းတယ်ဖေဖေ၊ နောက်တစ်ပုဒ်ထပ်ပြောပါဦး"

"တော်လောက်ပြီသားရဲ့၊ နောက်မှ ဖေဖေပြောပြမယ် ဟိုမှာ မော်တော်သမားစောင့်နေပြီ တွေ့လား"

ကျွန်မတို့ကို ဖေဖေပုံပြင်ပြောပြီးသည့်အခါ သဲသောင်လွင်ကြီးကိုဖြတ်ပြီးရုံသာမက ကျောင်းဖြူကျေးရွာ ထိပ်သို့ပင် ရောက်ရှိနေပြီဖြစ်သည်။

ကျွန်မတို့ကို မော်တော်သမားက အသင့်စောင့်နေသည်။

ကျွန်မတို့ ကျောင်းဖြူရွာထိပ်ရှိ မော်တော်ဆိပ်မှ ထွက်ခွာလာသည့်အခါ ပတ်ဝန်းကျင်မှ အအေးဓာတ်တို့ ထွေးပတ်လာသည်။ နေဝန်းကြီးသည်လည်း ဧရာဝတီမြစ်ပြင်ကျယ်ကြီးနှင့် ထိလုနီးပါး ဖြစ်နေသည်ကို မြင်တွေ့ရသည်။

ညနေဆည်းဆာရှုခင်းကြောင့် ကျွန်မ၏စိတ်သည်လည်း ပြောင်းလဲလာပါသည်။ ဧရာဝတီ မြစ်ပြင်ကျယ်တစ်နေရာမှ တေးဆိုသံကို ကျွန်မကြားလိုက်မိသည်။



"နေလုံးရယ်နီ. . . . တိမ်ပန်းချီ နေသွေးနဲ့၊

နတ်ရေးသည်သို့. . . .

ဒီအကျပေမို့၊ အလှလတာပြင်က. . . . ကျူရိုးရှင်

လှေကလေးနဲ့ မျှော်ငေးလိုလို့. . . ."

ယင်း တေးသံကလေးနှင့်အတူ ဧရာဝတီမြစ်ပြင်ကျယ်အတွင်းမှ ရေဘဲ၊ ရေကြက်၊ ငွေဗျိုင်းဖြူ၊ ဟင်္သာမောင်နှံတို့၏ တွန်ကျူးသံတို့ကို ကြားယောင်နေမိတော့သည်။

❖ ❖ ❖ ❖ ❖

www.burmeseclassic.com


www.burmeseclassic.com






မြောင်မြို့နယ်၊ ပေါက်ချောင်းတျေးရွာဇာတိ အဂ္ဂမဟာပဏ္ဍိတ၊
တပိဋကဓရ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ
သင်္ဂဇာဆရာတော်ဘုရားကြီး၏ ပုံတူ





သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ မွေးရာဇာတိမြောင်မြို့နယ်ရှိ
ပေါက်ချောင်းရွာအား လက်ဝဲချောင်းဘေးမှ မြင်တွေ့ရပုံ




ပေါက်ချောင်းအလယ်ရွာရှိ သင်္ဂဇာ ဆရာတော်ဘုရားကြီး
မွေးဖွားခဲ့သည့်နေရာအား ပြသနေစဉ်

www.burmeseclassic.com

www.burmeseclassic.com





မြောင်မြို့နယ်၊ ပေါက်ချောင်းကျေးရွာ ဖောင်တော်ဦးကျောင်းတွင် စိုက်ထူထားသည့် သင်္ဂဇာ ဆရာတော်ဘုရားကြီး၏ အထိမ်းအမှတ် ကျောက်စာတိုင်

BURMESE CLASSIC .com

# မြှောင်မှသည် မြောင်သို့

ကျွန်မတို့မြောင်မြို့ရောက်ပြီးသည့်အခါ ဘုရားလျှောက်ဖူးကြသည်။

ကျွန်မတို့နှင့်အတူ ဖေဖေ့ညီမ အန်တီမြမြဝင်း လိုက်လာသည်။

အန်တီမြမြဝင်းက ဥပဒေဘွဲ့ရပြီးဖြစ်ပါသည်။ အိမ်ထောင်မရှိ။ အပျိုကြီးဖြစ်သည်။ စေတနာ ကျူရှင်ဖွင့်ထားသည်။

အန်တီမြမြဝင်းနှင့်အတူ ရှေးဦးစွာ ရွှေပေါ်ကျွန်း ဘုရားသို့သွားကြသည်။ ရွှေပေါ်ကျွန်းဘုရားကြီး၏ ပုရဝုဏ်က ကျယ်ဝန်းလှသည်။ စေတီတော်များများစွာတည်ရှိသည်ကို ကျွန်မ ဖူးတွေ့ရသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက် အားလုံးတွင် တန်ဆောင်းကြီးများရှိသည်။ အရှေ့ဘက် စောင်းတန်းမှ ကြည့်လျှင် ဧရာဝတီမြစ်ကြီးကို မြင်တွေ့ရသည်။

မြောင်မြို့သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိကြောင်း ကျွန်မကိုယ်တိုင် မြင်တွေ့နေရသည်။ အရှေ့ဘက်စောင်းတန်း ကျောက်တိုင်တွင်မြောင်မြို့သမိုင်းနှင့် ဘုရားသမိုင်းများကို အန်တီမြမြဝင်းက ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော ဒီ ရွှေပေါ်ကျွန်းဘုရားကို ဖောင်တော်ဦး ဘုရားလို့လဲခေါ်တယ်၊ ငါ့တူမရဲ့"

"ဘာဖြစ်လို့လဲ အန်တီ"

"ဒီလိုကွယ့်၊ ကျန်စစ်သားမင်းရဲ့ မြေးတော်အလောင်းစည်သူမင်းကြီးဟာ ရေကြောင်းခရီးနဲ့ တိုင်းခန်းလှည့်လည်တော်မူတဲ့အချိန်မှာ ဖောင်တော်ကြီးဟာ ရပ်တန့်သွားသတဲ့။

အလောင်းစည်သူမင်းကြီးစီးတဲ့ ဖောင်တော်ဟာ သစ်ကနက်ဖောင်တော်ကြီးတဲ့၊ ဖောင်တော်ကြီးရပ်သွားတော့ အကြောင်းရင်းကို ရှာကြတာပေါ့ကွယ်။ အဲဒီမှာ မြောင်တောင် ရွာသူဌေးကြီးမိုက်ရဲ့သမီးတွေဖြစ်တဲ့ ခင်ဦးနဲ့ ခင်လတ် ဧရာဝတီမြစ်ဆိပ် ခေါင်းလျှော်ရင်း သူတို့ရဲ့ဆံပင်တွေ ကျွတ်ပါလာပြီး အလောင်းစည်သူမင်းကြီးရဲ့ ဖောင်တော်တက်မမှာ လာပြီး ပတ်နေလို့ ဖောင်တော်ရပ်တန့်သွားကြောင်း သိသွားတယ်။

ဒါနဲ့ အလောင်းစည်သူမင်းကြီးက ဖောင်တော်ကို ကမ်းနားမှာ မြှောင်ပြီးကပ်ခိုင်းသတဲ့၊ အဲဒီမှာပဲ အလောင်းစည်သူမင်းကြီးရဲ့ ဗျာဒိတ်စကားအရ မြှောင်လို့ပဲခေါ်ကြတယ်။ အဲဒီလိုနဲ့ ကာလရွေ့လျားလာတော့ မြှောင်ကနေ မြောင်လို့ ခေါ်လာကြတာ။

အန်တီမြမြဝင်းက မြောင်မြို့သမိုင်းရှင်းပြနေစဉ် မောင်လေးသန့်ရာဇာက စောင်းတန်းအောက်သို့ ဆင်းဆော့နေသည်။ ကျွန်မက အန်တီမြမြဝင်းပြောပြသော သမိုင်းကိုစိတ်ဝင်စားစွာ နားထောင်လျက်ရှိသည်။

"အန်တီ ဒါနဲ့ ခင်ဦးတို့ ခင်လတ်တို့က ဘာဖြစ်သွားကြတာလဲ၊ ရွှေပေါ်ကျွန်းဆိုတာကရော ဘာလို့ခေါ်တာလဲဟင်"



"ပြောမှာပေါ့ ငါ့တူမ၊ ခင်ဦးနဲ့ ခင်လတ်ကို အလောင်းစည်သူမင်းကြီး တော်ကောက်ဖို့ ရွှေတောင်စားအမတ်နဲ့ ရွှေလောင်းစားအမတ်ကို စေခိုင်းတယ်။ အဲဒီမှာ ရွှေတောင်စား အမတ်နဲ့ ရွှေလောင်းစားအမတ်တွေဟာ ခင်ဦးတို့ ခင်လတ်တို့နဲ့ ဖောက်ပြန်တာကို မင်းကြီးသိသွားတယ်။ ဒါနဲ့ အမတ်နှစ်ယောက်စလုံးကို သတ်စေလို့ အမိန့်ချပြီး သတ်လိုက်တာပေါ့။

အလောင်းစည်သူမင်းကြီးဟာ မြောင်ဆိပ်ကမ်းကို ရောက်တုန်း သိရိဓမ္မာသောကမင်းကြီး တည်ခဲ့တဲ့စေတီတော်ကို ငုံပြီး တည်ခဲ့တယ်။ အဲဒီဘုရားကို ဦးဘုရား၊ နောက်တည်တဲ့ ဘုရားနှစ်ဆူကိုတော့ ဝမ်းလှိုင်ဘုရား၊ ပုံဘုရားလို့ ခေါ်ကြတယ်။

ဖောင်တော်ကိုအကြောင်းပြုပြီး ခေါ်တာပေါ့ ငါ့တူမရယ်။ အခုတော့ ဦးဘုရားကို ရွှေပေါ်ကျွန်းဘုရား၊ ဝမ်းလှိုင်ဘုရားကို နဂါးရုံဘုရား၊ ပုံဘုရားကို ရွှေဂူဘုရားလို့ ပြောင်းလဲပြီး ခေါ်နေကြပါပြီ"

"နေဦး၊ ငါ့တူမရဲ့ အန်တီပြောဖို့ကျန်သွားတယ်၊ ခုနက အသတ်ခံရတဲ့ ရွှေတောင်စားအမတ်နဲ့ ရွှေလောင်းစား အမတ်နှစ်ယောက်ဟာ အသတ်ခံရပြီး မကျွတ်ဘဲ နတ်စိမ်းဖြစ်နေတယ်တဲ့။

ဘုရားတွေတည်ပြီးလို့ အလောင်းစည်သူမင်းကြီးဟာ ဖောင်တော်ကို ထွက်ခိုင်းသတဲ့။ ဒါပေမယ့် ဖောင်တော်က မထွက်တော့ သေသေချာချာ ပြန်စိစစ်ခိုင်းတော့ အသတ်ခံရတဲ့ အမတ်နှစ်ယောက်က နေစရာမရှိလို့ နေရာတောင်းကြောင်း သိသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ရွှေတောင်စားအမတ်နဲ့ ရွှေလောင်းစားအမတ်ကို နေရာပေးခဲ့တယ်။ ဟိုရှေ့က နတ်စင်က ရွှေလောင်းစားကို အပိုင်စားပေးခဲ့တာ၊ ရွှေတောင်စားအတွက် နတ်စင်ကတော့ မြို့တောင်ဘက်နားမှာ ပေးခဲ့တာပေါ့။

ဟောဒီရွှေပေါ်ကျွန်းဘုရားပွဲ တော်သလင်းလဆန်း (၈)ရက်နေ့ လပြည့်နေ့အထိ ကျင်းပတိုင်း မြို့သူမြို့သားတွေက ပူဇော်ပသနေကြရတာပေါ့ကွယ်"

အန်တီမြမြဝင်း၏ စကားမဆုံးမီမှာပင် မောင်လေးသန့်ရာဇာ ပြန်ရောက်လာသည်။ အန်တီမြမြဝင်း၏စကားဆုံးသည်နှင့် ရွှေပေါ်ကျွန်းဘုရားမှာ ပြန်လည်ထွက်ခွာလာခဲ့သည်။

ရွှေပေါ်ကျွန်းဘုရားမှတစ်ဆင့် နဂါးရုံဘုရားသို့ သွားကြသည်။

တစ်ဖန် နဂါးရုံဘုရားမှ ရွှေဂူဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။ ပဲ့ရွှေဂူဘုရားမှ ထင်ထင်ရှားရှား ကြီးကြီးမားမား အဆောက်အဦးကြီးတစ်ခုကို ကျွန်မမြင်တွေ့ရသည်။

အန်တီမြမြဝင်းက ဝက်မစွတ်အုတ်ကျောင်းဖြစ်ကြောင်း ရှင်းပြသည်။

"အဲဒီ ဝက်မစွတ်အုတ်ကျောင်းတော်ကြီးကို သူဌေးကြီး ဦးထင်ပေါ်က (၁၉၂၀)ပြည့်နှစ် ကတည်ထောင်ခဲ့တာ၊ ဆောက်လုပ်လှူဒါန်းခဲ့တာ။ ရေစကြိုဦးချင်းကျောင်းနဲ့ ဟောဒီဝက်မစွတ်အုတ်ကျောင်းတော်ကြီးက သမိုင်းအဆက်စပ်ရှိတယ် ငါ့တူမ။"

"ဘာလို့ ဟင် အန်တီ"

"ရှေးလူကြီးတွေပြောစကားအရကတော့ ဝက်မစွတ် အုတ်ကျောင်းတော်ကြီးကို သူဌေး ဦးချင်းကလာကြည့်တော့ ကျောင်းဒကာ ဦးထင်ပေါ်နဲ့ တွေ့သတဲ့၊ အဲဒီမှာ သူဌေးကြီး ဦးထင်ပေါ်က ခင်ဗျား ဒီကျောင်းမျိုးဆောက်နိုင်လို့ လားလို့ မေး လိုက်မိတာပေါ့။



သူဌေးဦးချင်းက ဘာမှပြန်မပြောဘဲ ပြန်သွားပြီ၊ ရေစကြိုမြို့မှာရှိတဲ့ အောင်မြေသာယာတိုက်ထဲမှာ ဦးထင်ပေါ် ရဲ့ ဝက်မစွတ်အုတ်ကျောင်းတော်ကြီးထက်သာအောင် ဆောက်တော့တာပေါ့"

"သူဌေးဦးချင်းကသာ သွားသလားအန်တီ"

"သာတာပေါ့ ငါ့တူမရဲ့၊ အကြံတူ နောက်လူကောင်းစမြဲ မဟုတ်လား၊ ဦးချင်းက သူ့ကျောင်းကြီးပြီးတော့ မြောင်မြို့ ကျောင်းဒကာ သူဌေးကြီးကို ရွှေပြားမှာ ဖိတ်စာရေးပြီး ကျောင်းရေစက်ချပွဲတောင် ဖိတ်လိုက်သေးသတဲ့"

အန်တီမြမြဝင်း ရှင်းပြသော သမိုင်းများက အလွန်နားထောင်၍ ကောင်းသည်။ အပြောကောင်းသော ကျူရှင်ဆရာမဖြစ်၍ ကျွန်မထင်သည်။ ညနေစောင်းသဖြင့် အန်တီမြမြဝင်းနှင့်အတူ ကျွန်မတို့အိမ်သို့ ပြန်ခဲ့ကြသည်။

နောက်ရက်များတွင် အန်တီမြမြဝင်းက မြို့ထဲသို့ စက်ဘီးနှင့်လိုက်ပို့ပေးသည်။

မြောင်မြို့တွင် ရဲစခန်း၊ ဆေးရုံ၊ တရားရုံး၊ ကျောင်းများ၊ စည်ပင်သာယာဈေးကြီးများ ရှိသည်။ မြို့နှင့်တူသော မြို့ကလေးဖြစ်သည်။ ကျွန်မတို့ရောက်လေရာတွင် မြို့သူမြို့သားအတော်များများ က နှုတ်ဆက်ကြသည်။ အစားအသောက်များနှင့် ကျွေးမွေး ဧည့်ခံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြောင်မြို့သူမြို့သားများမှာ လယ်ယာလုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်း ပြုကြသူများဖြစ်သည်ကို ကျွန်မ တွေ့ရသည်။

အထူးသဖြင့် ရိုးသား၍ ကြိုးစားသူများဖြစ်ကြသည်။

မြောင်မြို့သို့ ကျွန်မတို့ မိသားစုရောက်နေသည်မှာ တစ်ပတ်ရှိပြီဖြစ်ပါသည်။ ကျွန်မတို့ မောင်နှမ၏ ဒီဇင်ဘာကျောင်းဖွင့်အမီ ပြန်ရမည်ဖြစ်သည်။

သို့အတွက် ရေခံမြေခံကောင်းသော မြောင်မြို့ကို လက်ပြ၍ နှုတ်ဆက်ခဲ့ရပါတော့သည်။

BURMESE CLASSIC .com

✡ ✡ ✡ ✡ ✡





မြောင်မြို့ရှိ ရွှေပေါ်ကျွန်းစေတီတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com





ရွှေပေါ်ကျွန်း ဂန္ဓကုဋိတိုက်အတွင်းမှ ပုဂံခေတ်
လက်ရာဆင်းတုတော်





မြောင်မြို့ရှိ အလောင်းစည်သူမင်းကြီး တည်ထားခဲ့သည့်
ရွှေပေါ်ကျွန်းဘုရား




မြောင်မြို့ရှိ အလောင်းစည်သူမင်းကြီး တည်ထားခဲ့သည့်
ဝမ်းလှိုင်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းလှိုင်ဘုရားဝင်းအတွင်းမှ စေတီတော်နှစ်ဆူ



မြောင်မြို့ရှိ အလောင်းစည်သူမင်းကြီး တည်ထားသည့်
မဲ့ရွှေဂူဘုရား





ပဲ့ရွှေဂူဘုရားဝင်းအတွင်းရှိ စေတီတော်

www.burmeseclassic.com

www.burmeseclassic.com



မြောင်မြို့တောင်ရပ်ရှိ ဝက်မစွတ်ဘုတ်ကျောင်းတော်ကြီး

# ရတနာပုံ တိရစ္ဆာန်ဥယျာဉ်

ကျွန်မတို့ မိသားစု မြောင်မြို့မှ မန္တလေးသို့ ရောက်ရှိ ပြီဖြစ်သည်။

မန္တလေးမြို့ရှိ ဖေဖေ၏ ဘလေးဦးလှဆောင်တို့အိမ်တွင် န်မတို့တည်းကြသည်။ တည်းခိုရသည့်အိမ်မှာ နှစ်ထပ်တိုက်ကြီး ်သဖြင့် ကျယ်ကျယ်ဝန်းဝန်း လွတ်လွတ်လပ်လပ်ရှိလှသည်။

ဖေဖေက မန္တလေးသို့ ရောက်ရောက်ချင်း ရန်ကုန်သို့ ်ရန် ရထားလက်မှတ် သွားဖြတ်သည်။

မနက်ဖြန် ညနေရထားလက်မှတ်ရသည်ဟု ပြောသည်။

ဖေဖေက ညနေပိုင်းတွင် မန္တလေးရတနာပုံတိရစ္ဆာန် ျာဉ်သို့ လိုက်ပို့ပေးမည်ပြောသဖြင့် ကျွန်မနှင့် မောင်လေး န့်ရာဇာတို့ အလွန်ပျော်သွားသည်။

ကျွန်မတို့ မိသားစုအားလုံး ရေချိုးထမင်းစားပြီးသည့်အခါ းဘီးကားငှား၍ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်သို့ သွားကြသည်။

မိနစ် (၃၀)ခန့် ကြာသည့်အခါ ကျုံးမြောက်ဘက် နာပုံ တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိလာသည်။

ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အဝင်ဝ မုခ်ဦးကြီးက ထည်ဝါ ားလှပါသည်။ အဝင်ဂိတ်တွင် ဖေဖေက ကျွန်မတို့ မိသားစု းဦးအတွက် ဝင်ကြေးပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ထဲရောက်သည့်အခါ သစ်ပ
ပန်းပင်များနှင့် အုပ်အုပ်ဆိုင်းဆိုင်း မြင်တွေ့ရသည်။ ကြီးကြီ
မားမား သစ်ပင်ကြီးများကို မတွေ့ရ။

ကျွန်မတို့ ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင်း လှည့်လည်
ကြည့်ရှုရာတွင် ငှက်မျိုးစုံလင်စွာ တွေ့ရှိရသည်။ ထို့အတူ ကျ
ကျားသစ်၊ ဆင်၊ သမင်၊ မိကျောင်း၊ ရေမြင်း၊ ဒေါင်း၊ မျောက်
နွားနောက်၊ ဝက်ဝံ၊ မြွေ၊ ဖျံ စသည့် တိရစ္ဆာန်မျိုးစုံကို မြင်တွေ့
ရသည်။

"သမီးရေ ဟောဒီရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကြီးက မ
ရာပြည့်ကွင်းကြီးထဲမှာ ဆောက်ထားတာကွယ့်၊ ဖေဖေတို့ ငယ်င
က ဒီကွင်းကြီးထဲမှာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြခန်းတေ
လုပ်တဲ့နေရာပေါ့"

"ဒါဖြင့် ဒီရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကြီး တည်ဆော
ထားတာ မကြာသေးဘူးပေါ့၊ ဟုတ်လား ဖေဖေ"

"၁၉၈၉ ခုနှစ်က စတင်တည်ဆောက်ခဲ့တာ၊ မြန်မာပြည်
မှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာ
ဆိုပြီး နှစ်ခုပဲရှိတယ် သမီး"

ကျွန်မနှင့် ဖေဖေက စကားပြောရင်း တစ်နေရာပြီ
တစ်နေရာလျှောက်ကြည့်သည်။ မောင်လေးသန့်ရာဇာက ကျွန်မ
နောက်မှကပ်ပါလာသည်။

ကျွန်မတို့ မိသားစု ရတနာပုံ တိရစ္ဆာန်ဥယျာဉ်တွင် နေရ
အတော်များလျှောက်ကြည့်ပြီးသည့်အခါ ကျွန်မတစ်ခု သတိထ
မိသည်။ အခြားမဟုတ်ပါ။



မန္တလေး၊ ရတနာပုံဥယျာဉ်ကြီးမှာ များစွာကျယ်ဝန်း
ကြောင်း သတိထားမိပါသည်။ ထို့အတူ ရတနာပုံတိရစ္ဆာန် ဥယျာဉ်
အတွင်း၌ တိရစ္ဆာန်များထားရှိရာ အဆောက်အဦများ၊ ရေကန်
များ၊ ကုန်းကမူများ၊ လူသွားလမ်း၊ ယာဉ်သွားလမ်း၊ မီးရထားလမ်း၊
တံတားများကို သူ့နေရာနှင့်သူ စနစ်တကျ တည်ဆောက်ထားသည်
ကို ကျွန်မမြင်တွေ့ရသည်။

ဟိုကြည့်၊ သည်ကြည့်နှင့် ကျွန်မတို့မိသားစု ကြိုးတံတား
အနီးသို့ ရောက်ရှိလာသည်။

ထိုစဉ် ဖေဖေက မန္တလေး၊ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်မှ
တာဝန်ရှိသူတစ်ဦးကို သွားရောက် တွေ့ဆုံသည်။ ဖေဖေနှင့်အတူ
ဝန်ထမ်းတစ်ဦးပါလာသည်။

"ကဲ သူငယ်ချင်း ဒါက ကိုယ့်သမီး ခင်ရတနာ ဟောဒါက
ကိုယ့်သားသန့်ရာဇာ၊ ဒါက ကိုယ့်အမျိုးသမီး၊ ကဲ . . . သမီးတို့
သားတို့သိချင်တာရှိရင် ဟောဒီဦးလေးကို မေးကြ"

"ဟုတ်ကဲ့ ဖေဖေ"

"လာဗျာ ဟိုသစ်ပင်ရိပ်ကနေလေးအောက် သွားရအောင်"

ရတနာပုံ တိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းကြီးနှင့်အတူ
ကျွန်မတို့ မိသားစု သစ်ပင်ရိပ်အောက်သို့ သွားကြသည်။
မောင်လေးသန့်ရာဇာက ဘာမျှ စိတ်ဝင်စားဟန်မတူ။ ဆော့ကစား
ချင်သာ ကြည့်နေသည်။ ထိုစဉ် ကျွန်မကပင် စတင်၍ မေးမိသည်။

"ဦး ဦး ဒီတိရစ္ဆာန်ဥယျာဉ်ကြီးက ဘယ်တုန်းက စဖွင့်တာ
လဲဟင်"

"အင်း ဦးဦးတို့ မှတ်တမ်းအရ ဟောဒီ တိရစ္ဆာန်ဥယျာဉ်

www.burmeseclassic.com

www.burmeseclassic.com



ကြီး ၁၉၈၉ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့ မနက် (၇)နာရီမှာ ဖွင့်ပွဲ ကျင်းပခဲ့တယ်ကွယ့်"

"မြေအကျယ်အဝန်းကရော ဘယ်လောက်ရှိလဲ ဦးဦး"

"ဟောဒီ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကြီးရဲ့ အကျယ် အဝန်းက ၅၃ ဒသမ ၂၁ ဧကရှိတယ် သမီး"

"အကျယ်ကြီးပဲနော်၊ ဒီထဲမှာရှိတဲ့ တိရစ္ဆာန်တွေရော ဘယ်ကရလဲဟင်"

"အင်း တိရစ္ဆာန်တွေစုဆောင်းရရှိဖို့ကတော့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ စီစဉ်ဆောင်ရွက်ရတာပေါ့ကွယ်။ လှောင်အိမ် တွေ အကုန်လုံးဆောက်ပြီးတော့မှ တိရစ္ဆာန်တွေကို ရွှေ့ပြောင်း သယ်ယူရတာပေါ့၊ တိရစ္ဆာန်တွေရောက်တဲ့ နေ့ကစပြီး ဆေးဝါး ကုသမှုကအစ စနစ်တကျ လုပ်ခဲ့ရတာ"

ကျွန်မနှင့် ရတနာပုံတိရစ္ဆာန်ဥယျာဉ်တွင်းမှ ဝန်ထမ်း ကြီးတို့ စကားပြောနေချိန်တွင် မောင်လေးသန့်ရာဇာက ကြိုး တံတားပေါ်တွင် ပြေးလွှားဆော့ကစားနေသည်။ ကြိုးတံတားကြီး က အိပက်အိပက်နှင့်။

ကျွန်မလည်း မောင်လေးနှင့်အတူ ဆော့ကစားချင်စိတ် ပေါက်လာပါသည်။

ကျွန်မသိလိုသည့် အကြောင်းတစ်ခုကို မေးပြီးလျှင် မောင်လေးနှင့်အတူ သွားဆော့မည်ဟု ဆုံးဖြတ်လိုက်မိသည်။

"ဦး ဦး ဟောဒီ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ထဲမှာ တိရစ္ဆာန် ဘယ်လောက်ရှိလဲဟင်၊ အမျိုးအစားရောခွဲထားလား၊ ဦးဦး"

"ဥယျာဉ်စဖွင့်ကာစကတော့ တိရစ္ဆာန် (၄၂) မျိုး



အကောင်ရေက (၁၉၆)ကောင်ပဲ ရှိတာကွယ့်၊ အဲ နောက်တော့ သက်ဆိုင်ရာလုပ်ငန်းကော်မတီကနေပြီးတော့ တာဝန်ယူ ဆောင်ရွက်တဲ့အခါ နို့တိုက် သတ္တဝါအုပ်စု (၂၈) မျိုး၊ အကောင် ရေက (၁၁၅) ကောင်၊ ငှက်အုပ်စုက (၂၀) မျိုး၊ အကောင်ရေက (၁၅၂) ကောင်၊ တွားသွားသတ္တဝါ (၅) မျိုး၊ ကောင်ရေက (၁၆) ကောင် ဆိုတော့ (၅၃) မျိုးကနေ ကောင်ရေ (၂၈၃) ကောင်ထိ တိုးတက်လာတယ် သမီးရဲ့"

"သမီး သိချင်တာလေးတွေ ပြောပြတဲ့ ဦးဦးကို ကျေးဇူး တင်ပါတယ်ရှင့်၊ သမီးကြိုးတံတားပေါ် သွားချင်လို့ ခွင့်ပြုပါဦး"

"ကောင်းပါပြီ သမီးရယ်၊ ကောင်းပါပြီ"

ကျွန်မတို့မောင်နှမနှစ်ယောက် ကြိုးတံတားပေါ်မှ ဆော့ ကစားပြီး ပြန်လာသည်ထိ ဖေဖေနှင့် ရတနာပုံတိရစ္ဆာန်ဥယျာဉ် က ဝန်ထမ်းကြီးတို့ စကားပြောနေဆဲဖြစ်သည်။

ရတနာပုံ တိရစ္ဆာန်ဥယျာဉ်သည် သစ်တောဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ တိရစ္ဆာန်ဥယျာဉ်များဌာနခွဲမှ အမှုထမ်း အရာထမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း ကျွန်မ သပ်မံ သိရှိရသည်။

"ကဲ ကျွန်တော်တို့ကို ခွင့်ပြုဦးဗျာ၊ သားနဲ့သမီးကို ယော င်းကြီးအုတ်ကျောင်းတော်နဲ့ ဂူဗိမာန်ကို အချိန်ရှိတုန်း လိုက်ပို့ ပေးချင်လို့ဗျာ"

"ရပါတယ်ဗျာ၊ နောက်ရောက်ရင်လည်း ဝင်ကြဦး"

"သမီးနဲ့သား ဦးဦးကို နှုတ်ဆက်လိုက်ဦး"

"ဦးဦး သမီးနဲ့မောင်လေးတို့လို ကလေးတွေပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကြီးကို တည်ဆောက်ပေး
ကျေးဇူးတင်ပါတယ်ရှင့်၊ သမီးတို့ကို သွားခွင့်ပြုပါဦး"

"ရတနာပုံ တိရစ္ဆာန်ဥယျာဉ်ကြီး တည်ဆောက်ပေး
ဦးဦးကို ကျေးဇူးမတင်နဲ့ သမီးရဲ့ နိုင်ငံတော်အကြီးအကဲ တွေ
ကျေးဇူးတင်ဟုတ်လား"

"ဟုတ်ကဲ့ရှင့်"

ကျွန်မနှင့်အတူ ကလေးငယ်များ ပျော်ရွှင်မှုအတွ
ရတနာပုံတိရစ္ဆာန်ဥယျာဉ်ကြီးကို တည်ဆောက်ပေးခဲ့သူများ
လူငယ်များကိုယ်စား အထူးကျေးဇူးတင်သည်။

ကျွန်မတို့ လူငယ်များသည် ပျော်ရွှင်မှုကို အထူး မက်
ကြသည်။ ကျွန်မကိုယ်တိုင်လည်း ခံစားရသည်။


ကျွန်မသည် မန္တလေးရတနာပုံဥယျာဉ်ကြီးကို တစ်
မျှသာ ရောက်ရှိခဲ့သော်လည်း ပျော်ရွှင်မှုအပြည့်အဝ ရရှိခဲ့ပါသ
သည့်အတွက် ကျွန်မသည် ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ မထွက်
ကလေးများ၏ပျော်ရွှင်ခံစားလိုမှု သဘာဝကို နားလည် ကိုယ်
စာတတ်သူအားလုံးကို ကျန်းမာချမ်းသာစေကြောင်း ဆုတော
မေတ္တာပို့သခဲ့မိပါသည်။

◆ ◆ ◆ ◆ ◆





မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာဉ် အဝင်ဝမုခ်ဦး



မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာဉ် မြေပုံအညွှန်း

www.burmeseclassic.com

www.burmeseclassic.com





ရတနာပုံ တိရစ္ဆာန်ဥယျာဉ်အတွင်းတွဲင် မြင်တွေ့ရသည့်
ယုန်၊ သမင်



မန္တလေးရတနာပုံ တိရစ္ဆာန်ဥယျာဉ်အတွင်းတွင် မြင်တွေ့ရသည့်
ငန်းနတ်ကြီးနှစ်ကောင်





မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်အတွင်းတွင် မြင်တွေ့ရသည့်
အာလောင်ငှက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ မိသားစုသည် မန္တလေးမြို့၊ ရတနာပုံတိရစ္ဆာ ဥယျာဉ်မှတစ်ဆင့် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် ဆောက်လုပ်လှူဒါ ခဲ့သည့် အုတ်ကျောင်းတော်ကြီးတည်ရှိရာ မန္တလေးမြောက်ပြင် သွားကြသည်။

ယောမင်းကြီး အုတ်ကျောင်းတော်ကြီးသည် မန္တလေ တောင်ခြေအနီးတွင် တည်ရှိသည်။ မန္တလေးတောင်၏ အနော ဘက်ယွန်းယွန်းတွင် ဖြစ်သည်။

ကျွန်မတို့စီးလာသော ကားကလေးလည်း လမ်းကျ လမ်းသွယ် အထပ်ထပ်ကို ဖြတ်ကျော် ၍ ရွှေပြည်ဝန်ကြီး ဦးဘိုးလှ ဆောက်လုပ်လှူဒါန်းခဲ့သည့် အုတ်ကျောင်းတော်ကြီး မုခ်ဦးအဝ တွင် ရပ်လိုက်သည်။

အဝင်ဝမုခ်ဦးတွင် ယောမင်းကြီးကျောင်းတိုက်ဟု တွေ့ သည်။

ကျောင်းပတ်ပတ်လည်တွင် အုတ်တံတိုင်းများ ကာရံထ သည်။

ကျွန်မတို့ ကျောင်းဝင်းထဲဝင်လိုက်သည့်အခါ ကျောင်း တွင် ဘာပင်မျှမရှိပါ။ ရှင်းနေသည်။ ကျောင်းရှေ့ တည့်တည့်တွ ဓါတ်တိုင်အိုကလေးတစ်တိုင်သာ တွေ့ရှိရသည်။



ယောမင်းကြီး၏ အုတ်ကျောင်းတော်ကြီးမှာလည်း အိုမင်း ျက်စီးနေပြီဖြစ်သည်။ ယောမင်းကြီး အုတ်ကျောင်း တော်ကြီးကို ျွန်မလျှောက်ကြည့်နေစဉ် ဖေဖေရောက်လာသည်။

"သမီး ဟောဒီ ယောမင်းကြီးအုတ်ကျောင်းတော်ကြီးက ၂၃၃ ခုနှစ်က ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ဆောက်လုပ် လှူဒါန်း တာကွယ့်၊ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က တောင်မြို့မှာ ကျောင်း ဆောက်လှူခဲ့သေးတယ် သမီး၊ အဲဒီကျောင်းကိုလည်း ယောမင်းကြီး ကျောင်းလို့ ခေါ်ကြတယ်"

"ဒီ အုတ်ကျောင်းတော်ကြီးကိုကြည့်ပြီး သမီးတစ်ခု ဉ်းစားမိတယ်"

"ငါ့ သမီးက ဘာများစဉ်းစားမိလို့လည်း ဆိုစမ်းပါဦး"

ကျွန်မနှင့်ဖေဖေ စကားပြောရင်း အုတ်ကျောင်းတော်ကြီး အတွင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ကျွန်မတို့နောက်မှ မောင်လေး သန့်ရာဇာတို့ လိုက်ပါလာသည်။

"တခြားတော့ မဟုတ်ပါဘူး ဖေဖေ။ ဒီကျောင်းတော်ကြီး ကြီး ဘာလို့ အုတ်နဲ့ဆောက်ထားသလဲဆိုတာရယ်၊ နောက်ပြီး အဲဒီ ခေတ် အဲဒီအခါနဲ့စာရင် နည်းနည်းခေတ်မီနေသလားလို့ပါ ဖေဖေ"

"ဟ ငါ့သမီးအတွေးအခေါ်တွေ သိပ်မြင့်နေပါလားကွ ာ၊ မှန်တယ် သမီး၊ သမီးအတွေး မှန်တယ်။ အဲဒီ ခေတ်က န်းကြီးကျောင်းတွေဟာ ကျွန်းနဲ့ဆောက်တဲ့ ကျောင်းကြီးတွေပဲ ာကွယ့်"

"ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က ဘာလို့ အုတ်နဲ့ ဆောက် လဲ မသိဘူးနော် ဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



“အဲဒီအုတ်ကျောင်းကြီး ဆောက်လုပ်မလှူဒါန်းခင်က
ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင် ရွေးချယ်စေလွှတ်တဲ့ လူငယ်တွေဟာ
ပြင်သစ်နိုင်ငံကနေ ပြန်လာကြပြီ သမီး၊ အဲဒီလူငယ်တွေကနေ
တစ်ဆင့် သူ့မှာ ခေတ်မီတဲ့ အတွေးအခေါ်တွေရှိလာပြီလေ။ ဖေဖေ
လည်း မြန်မာ့ဗိသုကာလက်ရာတွေ မဟုတ်ဘူးဆိုတာ အစကထဲက
သိထားတယ်ကွယ့်”

ကျွန်မနှင့် ဖေဖေ စကားပြောရင်း အုတ်ကျောင်းတော်ကြီး
ကို တစ်ပတ်ပတ်၍ ကြည့်ကြသည်။ အုတ်သားအင်္ဂတေများမှာ
အနည်းငယ်မျှသာ ပျက်စီးသေးသည်။

တံခါးပေါက်များမှာမူ အားလုံးနီးပါးမျှ ပျက်စီးနေပြီဖြစ်
သည်။

“တချို့ပညာရှင် ဆရာကြီးတွေကတော့ ယောမင်းကြီး
အုတ်ကျောင်းတော်ကြီးဟာ အနောက်တိုင်း ဗိသုကာပုံစံလို့ ဆို
တယ်သမီး။ တိတိကျကျပြောရရင် ပြင်သစ်နန်းတော် အဆော
အဦရဲ့ အစိတ်အပိုင်းပုံစံလို့ ပြောကြတယ်”

“ဘာပဲဖြစ်ဖြစ် ဖေဖေရယ် သူ့ခေတ်သူ့အခါမှာတော့
ဆန်းကြယ်နေတာပဲ၊ ရည်ရွယ်ချက်တစ်ခုခုတော့ ရှိမှာပဲ ဖေဖေ
မဟုတ်ဘူးလား”

“ဟုတ်တယ် သမီး၊ သူ့မှာ ရည်ရွယ်ချက်ရှိကို ရှိရမ
ဖေဖေ့အထင်တော့ မီးဘေးအန္တရာယ် ကင်းအောင်၊ ကြာရှည်
တည်တံ့ခိုင်ခံ့အောင်၊ အဲဒါမှမဟုတ် တခြားဝန်ကြီးတွေထ
သာအောင် ဆောက်တာလို့ ဖေဖေယူဆတယ် သမီး”

“ဒါတင်မကလောက်သေးဖူးဖေဖေ၊ ဖေဖေတို့ ပြော



သမီးသိရသလောက်ဆိုရင် စူးစမ်း တီထွင်လိုစိတ်ကြောင့်လဲ ဖြစ်နိုင်
ဘယ်ဖေဖေ”

ဖေဖေနှင့် ကျွန်မစကားပြောရင်း မိသားစုအားလုံး ယော
မင်းကြီး ကျောင်းတိုက်ဝင်းအတွင်းမှ ပြန်ထွက်လာကြသည်။
ထို့နောက် ကျွန်မတို့ မိသားစုအားလုံး ထနောင်းပင်ရိပ်တွင်
ချွေးသိပ်ရင်း အမောဖြေကြသည်။

ကျွန်မတို့ အမောဖြေနေစဉ် ထနောင်းပင်ပေါ်မှ ချိုးကူသံ
သဲ့သဲ့ကို ကြားနေရသည်။ ထိုစဉ် မောင်လေးသန့်ရာဇာက ဖေဖေ့
အား မေးခွန်းတစ်ခုမေးပါသည်။

“ဖေဖေ ဒီကျောင်းတိုက်ကြီးဆောက်တာ ဘယ်လောက်
ကုန်လဲဟင်”

“ငွေကျပ် တစ်သိန်းကျော်ကုန်တယ်လို့ စာအုပ်တွေထဲမှာ
ဖတ်ရဖူးတယ်သားရဲ့”

“တစ်သိန်းဆိုတော့ သိပ်မကုန်ဘူးနော် ဖေဖေ”

“အခု တစ်သိန်းမဟုတ်ဘူးသားရဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်း
တစ်ရာကျော်က တစ်သိန်းကိုပြောတာ၊ အဲဒီခေတ်က ရွှေတစ်ကျပ်
သားမှ နှစ်ဆယ်၊ ဆန်တစ်တင်းမှ နှစ်ကျပ်ပေးရတဲ့ ခေတ်ကွ
သားရဲ့”

“ဟာ ဒါဆို အများကြီး ကုန်တာပေါ့”

ဖေဖေက ယောမင်းကြီးအုတ်ကျောင်းတော်ကြီး၏ ကုန်ကျ
စရိတ်နှင့် ထိုခေတ်က ရွှေဈေးနှင့် ဆန်ဈေးကို နှိုင်းယှဉ်ပြသဖြင့်
ကျွန်မတို့မောင်နှမ နှစ်ယောက်စလုံး များစွာအံ့ဩမိသည်။
တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသည်။ ယခုခေတ်ဆိုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ငွေကျပ်သိန်းပေါင်းများစွာ ကုန်ကျမည်ကိုလည်း ကျွန်မတွေးမိသည်။

ထိုစဉ် ဖေဖေက စကားဖြတ်၍ ပြောသည်။

"သမီးနဲ့သားကို ဖေဖေပြောစရာတစ်ခု ကျန်သေးတယ်၊ တခြားမဟုတ်ဘူး၊ ဒီကျောင်းတော်ကြီးကို လူအများက ယောမင်းကြီးအုတ်ကျောင်းကြီးလို့ ခေါ်ကြပေမယ့် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်က ဒီအုတ်ကျောင်းကြီးကို ဣဋ္ဌကာရာမ အုတ်ကျောင်းလို့ အမည်သမုတ်ခဲ့တာ"

"အဲ ကျောင်းကြီးပြီးတော့ စံကျောင်းဆရာတော်၊ မဟာဗိုလ်ဆရာတို့ကို ကျောင်းတင်လှူဒါန်းတယ်၊ ကျောင်းတင်ပွဲနဲ့အတူ သူ့သားကြီး မောင်မောင်ဘကို ရှင်ပြုပေးပြီး၊ သမီးကြီး ခင်ခင်ကြီးလို့ ခေါ်တဲ့ စောပို့မယ်ရယ်၊ သမီးငယ် ခင်လေးငယ်လို့ခေါ်တဲ့ သုသီရိပဘာတို့ကို နားထွင်းမင်္ဂလာ ကျင်းပပေးခဲ့တယ်တဲ့"

"ဖေဖေ သားကိုလည်း ရှင်ပြုပေးရဦးမယ်နော်"


"သမီးကိုလည်း နားထွင်းမင်္ဂလာ လုပ်ပေးရမယ်နော်"

"အချိန်တန်တော့ လုပ်ပေးရမှာပေါ့၊ သမီးနဲ့သားရယ်"

ကျွန်မတို့ မောင်နှမနှစ်ယောက်လည်း ဖေဖေပြောသည့် ယောမင်းကြီး၏ သားသမီးများ ရှင်ပြုပွဲ နားသပွဲကို ကြားရ၍ ပူဆာမိသည်။ ဖေဖေက လေးတွဲ့သော ကတိပေးသည်။ အားမပါလှပါ။

ကျွန်မတို့ သားအဖတစ်တွေ ကားပေါ်တက်ကြသည်။ ကျွန်မမှာ မန္တလေးတောင်ကြီးအား ငေးမောကြည့်နေမိသည်။ မကြာမီ ကျွန်မတို့ကားကလေးလည်း စတင်ထွက်ခွာလာပါတော့သည်။





ယောမင်းကြီး အုတ်ကျောင်းတော်အဝင်ဝမုခ်ဦး



ယောမင်းကြီး အုတ်ကျောင်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

## ယောမင်းကြီး ဦးဘိုးလှိုင်ရုပ်တုနှင့် အထိမ်းအမှတ်ဗိမာန်

ကျွန်မတို့ စီးလာသည့် ကားကလေးသည် မန္တလေးတောင်ခြေအနီးရှိ ယောမင်းကြီးကျောင်းတိုက်မှတစ်ဆင့် ယောမင်းကြီး ဦးဘိုးလှိုင်ရုပ်တုနှင့် အထိမ်းအမှတ်ဗိမာန်ရှိရာသို့ မောင်းနှင်လာခဲ့သည်။

မန္တလေးနန်းမြို့ရိုးကြီးအနီးမှ မောင်းနှင်လာသဖြင့် ကျုံးရေနှင့် နန်းမြို့ရိုး၏ အလှအပကို ကျွန်မ တမေ့တမော ကြည့်ရှုခံစားမိသည်။

ကျုံးတွင်းမှ ကြာပန်းဖြူနီကလေးများကလည်း စိမ်းမြကြည်လင်သော ကျုံးရေနှင့် ပနာတင့်လှသည်။ ကားပေါ်မှ ကြည့်ရသဖြင့် ကျွန်မ အားမလိုအားမရ ဖြစ်မိသည်။

မကြာမီ နန်းမြို့ရိုးကြီး၏ အနောက်ကျုံးလမ်းမှ မောင်းနှင်လာသော ကားကလေးသည် လမ်းတစ်ခုအတွင်းသို့ ချိုးဝင်လိုက်သည်။

၂၂ လမ်း ဖြစ်ပါသည်။ ၂၂ လမ်းအတိုင်း ဆက်လက်မောင်းနှင်လာရာ လမ်းဘေးဝဲယာတွင် ခြသေ့်ကြီး နှစ်ကောင်ကိုလည်း မြင်တွေ့ခဲ့ရသည်။ ထို့အတူ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်အား



ဂုဏ်ပြုတည်ဆောက်ထားသည့် ယောမင်းကြီးစာကြည့်တိုက်ကိုလည်း လမ်းဘေးတစ်ဖက်တစ်ချက်တွင် မြင်တွေ့ခဲ့ရသည်။

ယောမင်းကြီး လမ်းအလွန်တွင် ကျွန်မတို့ကားကလေးလမ်းဘေးတွင် ကပ်၍ ရပ်လိုက်သည်။

ကျွန်မတို့ ကားကလေး ရပ်သည့်ဘေးတွင် မုခ်ဦးတစ်ခုကိုတွေ့ရသည်။ မုခ်ဦးရှိ စာတန်းကို ကျွန်မ ဖတ်ကြည့်လိုက်သည့်အခါ ယောမင်းကြီး ဦးဘိုးလှိုင်ရုပ်တုနှင့် အထိမ်းအမှတ်ဗိမာန်ဟု ရေးသားထားသည်။

ကျွန်မတို့ မိသားစုအားလုံး ကားပေါ်မှ ဆင်း၍ မုခ်ဦးအဝင်ဝသို့ သွားကြသည်။ အဝင်တံခါးက သော့ခတ်၍ ပိတ်ထားသည်။

"ဗိမာန်စောင့်တဲ့ လူတွေမရှိဘူးလား၊ တံခါးဖွင့်ပါဦး"

ဖေဖေက အဝင်တံခါးဝမှ တာဝန်ရှိသူများအား လှမ်းအော်ခေါ်သည်။ နှစ်ခါသုံးခါလောက် ဖေဖေ လှမ်းအော်သည့်အခါ အမျိုးသမီးကြီးတစ်ယောက် တံခါးလာဖွင့်ပေးသည်။

"လာ သမီးတို့ သားတို့လာကြ၊ ဟိုမှာရှိတဲ့ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ရဲ့ ရုပ်တုကို အရင်သွားကြည့်ကြရအောင်"

ဖေဖေ့နောက်မှ ကျွန်မတို့ မောင်နှမလိုက်သွားကြသည်။ တကယ့်လူတစ်ရပ်နီးပါးမျှ ထုလုပ်ထားသည့် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ ရုပ်တုကြီးကို တွေ့ရှိရသည်။

ရုပ်တုကြီးတွင်တွေ့ရသော ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ ဥပဓိရုပ်က တည်ကြည်ခံ့ညားလှသည်။ တည်ငြိမ်ရင့်ကျက်မှုရှိသည်။ ရိုးသား၍ ကြီးစားသော အညာသားကြီးနှင့် တကယ်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြုံကြုံဖန်ဖန် အတွေးတစ်ခု ကျွန်မရမိသည်။

အခြားမဟုတ်ပါ။ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်ရုပ်တုကြီးက အသက်ဝင်လာပြီး ကျွန်မကို စကားပြောရင် သိပ်ကောင်းမှာပဲဟု တွေးမိခြင်းဖြစ်သည်။

ရုပ်တုကြီးကို ကျွန်မ ငေးမောကြည့်ရှု၍ စိတ်ကူးယဉ်နေစဉ် ဖေဖေက ကျွန်မကို လာခေါ်သည်။

မန်ကျည်းပင်အောက်မှ အုတ်ဂူကလေးများကို ပြသသည်။

ထို့နောက် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်နှင့် ဝန်တော်ဒေါ်ခင်ဖြူတို့၏ အုတ်ဂူများရှိရာ ဗိမာန်အတွင်းသို့ လိုက်လံပြသသည်။

ရှေ့ဦးစွာ ရွှေပြည်ဝန်ကြီးကတော် ဒေါ်ခင်ဖြူ၏ ကျောက်စာတိုင်ကမ္ပည်းနှင့် အုတ်ဂူကို တွေ့ရသည်။ ခေါင်းရင်းဘက်တွင် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ ကျောက်စာတိုင်ကမ္ပည်းနှင့် အုတ်ဂူကို တွေ့ရသည်။

ခြေရင်းဘက်တွင် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ သားတော်နှင့် သမီးတော်များ အုတ်ဂူကို တွေ့ရှိရသည်။

"ဖေဖေ သမီးကျောက်စာပေါ်က စာတွေကူးချင်တယ်၊ မြင်လဲမမြင်ရဘူး"

ဂူများထားရှိရာ အဆောက်အဦမှာ အနည်းငယ် မှောင်နေသည်။ ကျွန်မက ကျောက်စာကူးလိုကြောင်း ဖေဖေ့အား လှမ်းပြောသည်။



"မမတို့ကတော့ လုပ်ပြီ၊ ရောက်လေရာအရပ် စာကူးဖို့ပဲ လုပ်နေတာ"

"နေဦးသမီး ဖေဖေ ဒီနားကဆိုင်တွေမှာ ဖယောင်းတိုင် သွားဝယ်လိုက်ဦးမယ်"

"သားက ဒီလိုမပြောရဘူးလေ၊ မမက ဝါသနာပါတာ ကိုးကွယ့်၊ ကဲ လူလေးပျင်းရင် မင်း ဖေဖေနဲ့လိုက်သွား၊ မင်း မမနားဘကြီးစောင့်ပေးလိုက်မယ် ဟုတ်လား"

ဖေဖေ့နောက်သို့ မောင်လေးသန့်ရာဇာ လိုက်သွားသည်။ ဘကြီးက ကျွန်မအနီးတွင် အဖော်လုပ်ပေးနေသည်။

မကြာမီ ဖေဖေပြန်ရောက်လာသည်။ ဖယောင်းတိုင်ကြီး နှစ်တိုင်လည်းပါသည်။

ဖေဖေက ဖယောင်းတိုင် ထွန်းပေးပြီး ကျောက်စာကို ပြသည်။ ကျွန်မက ပထမဦးဆုံး ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်၏ ကမ္ပည်းကျောက်စာကို ကူးယူမိသည်။

## ရွှေပြည်ဝန်ကြီးမင်း
## သတိုးမင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူ
## ငယ်မည် ဦးဘိုးလှိုင်

သက္ကရာဇ် ၁၂၉၁ ခု၊ နှောင်းတန်ခူးလဆန်း ၁၀ ရက် ၆ နေ့အဝင်။ ညဦး ၃ ချက်တီးကျော်အချိန်တွင် မြင်းခြံ အထက်ရွာ ပုလဲရွာဘွား။ အဘ ယင်းတောဝန်ကြီး၊ ငယ်မည် ဦးရွှေဟုတ်။ အမိ ဝန်ကြီးကတော် မယ်ငြိမ်း။ ဘိုးရွှေပြည်ဝန်။ လက်ဝဲ ဝင်းတော်

www.burmeseclassic.com

www.burmeseclassic.com



မှူး ဦးတော။ ဘွဲ့။ မင်းလှကျော်ထင်။ ငယ်မည်။ အမရပူရမြို့။ ပဋ္ဌမဆရာ။ ဦးကျပွေ့ထံ သာမဏေအဖြစ်ဖြင့် နေ၍။ ပြည်ဆရာတော်ဘုရားကြီးထံ သဒ္ဒါသင်သည်။ နောက် လူထွက်သောအခါ မင်းတုန်းမင်းက နောင်တော် ပုဂံမင်းကိုတင်၍ ဒုတိယထပ်မံရှင်ပြုပြီးလျှင် မဲထီးတိုက်မှာ စာသင်၍နေသည်အတွင်း။ မင်းတုန်းမင်း ၁၂၁၄ ခုနှစ်။ ရွှေဘိုမြို့သို့ ထွက်တော်မူရာ လူထွက်၍ လိုက်ရမည် အမိန့်တော်ရှိသည့်အတိုင်း လူထွက်၍ လိုက်ရသည်။ ရွှေဘိုမြို့ကို မင်းတုန်းမင်းအောင်မြင်တော်မူ၍ ခေတ္တ စံနေတော်မူသည့်အတွင်း ယောမြို့စား မင်းသားအဖြစ်နှင့် သူကောင်းပြုတော်မူ၍ အမရပူရမြို့သို့ ဝင်တော်မူရာ ကုလားဝန်အရာ ခန့်တော်မူပြီးလျှင် မကွေးဝန်ကြီး သမီးအငယ် ခင်ဖြူကို ၁၂၁၅ ခုနှစ် အမိန့်တော်နှင့် တောင်းရမ်းလက်ထပ် မင်္ဂလာပြုစေသည်။ ၁၂၁၉ ခုနှစ် ရောက်လျှင် အတွင်းဝန် ယောမြို့စားအရာနှင့် သူကောင်းပြုတော်မူသည်။ ငွေခွန် ၁၂ ရပ်၊ အကောက် ရေနံ ဈေး၊ ပွဲကောင်း၊ ကူးတို့များကိုလည်း အပ်တော်မူသည်။ ၁၂၂၉ ခုနှစ်မှာ ကလေးမြို့၊ ယောမြို့၊ ဆောမြို့၊ လောင်းရှည်မြို့ ထီးလင်းမြို့များကို ဆိုင်ရာ အပ်တော်မူသည်။ ၁၂၃၂ ခုနှစ် မြောက်ပြင်သူရဲတပ်ရွာ ရှေ့ ဒုတ်ကျောင်းဆောက်လုပ်ပြီးပြေ၍ ကျောင်းရေစက်ချ သားရှင်ပြု သမီး နှစ်ယောက် နားထွင်းမင်္ဂလာပြုသည်။ ၁၂၄၀ ပြည့်နှစ် ရတနာပုံမြို့နန်းတည် ပဌမသင်္ဂါယနာတင် မင်းတရားကြီး နတ်ပြည်စံတော်မူ၍ သားတော် သီပေါမင်းသား နန်းတက်တော်မူရာ ရွှေပြည်ဝန်ကြီးအရာခန့်ထား သူကောင်းပြုတော်မူသည်။ ၁၂၄၅ ခုနှစ်၊ ဝါခေါင်လပြည့်နေ့ အသက် ၅၄ နှစ်အရွယ်ရောက်သောအခါ ဘဝကူးသည်။



"သားအကြီး ရွှေပြည်ဝန်မောင်မောင်ဘ၊ ဘွဲ့ မင်းလှကျော်ထင်၊ သမီးအကြီး မှန်နန်းအပျိုတော် ခင်ခင်ကြီး။ ယင်းတောရှာစား။ ဘွဲ့သုသီရိပဘာ အမီးအငယ် ခင်လေးငယ်၊ စဉ့်ကိုင်ရွာစားဘွဲ့ သုသီရကဥ္စနာ။ ။ ရွှေပြည်ဝန်မင်းသည် ပိဋကတ်၊ သင်္ကာရိုက်၊ ဗေဒင်၊ ဆေးကျမ်း၊ လောကီဂဏန်းကျမ်းများကို ကောင်းမွန်စွာ တတ်မြောက်နားလည်၍ ထိုးထွင်းထက်မြက်နားလည်၍ ထိုးထွင်းထက်မြက်သော ဉာဏ်ပညာဝိသသထူးနှင့် ပြည့်စုံသည်။ ပညာရှိဟူ၍ ကျော်စောထင်ရှားရှိသည်။ တိုင်းပြည်၏အကျိုး- မင်းဧကရာဇ်အကျိုးတိုးတက်ကြီးပွားရန်များကိုလည်း အထူး အားထုတ်သည်။ လောကီလောကုတ္တရာ အကျိုးနှစ်ပါးကို မျှော်၍ အောက်ဖော်ရေးသားရှိသော ကျမ်းများကို ရေးသားပြုစုခဲ့သည်။

## ကျမ်းအမည်

| | | |
|---|---|---|
| သမသနဉာဏ်တော် | သဒ္ဒသင်္ဂဟ | အဘူတသာဂရ |
| ၁၀ ပါးအကျယ်ဘွင့် | | |
| ဝိမုတ္တိရသကျမ်း | ဥတုဘောဇန | ရာဇဓမ္မသင်္ဂဟ |
| အလင်္ကာနိဿယသစ် | နဝသိဒ္ဓိ္တ | အဿဘေဒ |
| ဝိဇယသုတ် | လိလာဝတီ | |
| သံဥ္စသုတ် | မဟာသုဓာတက | |
| ကာယနုပဿနာ | လိပိဒီပိကာ | |

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ ကမ္ပည်းကျောက်စာ ကူးပြီးသည့်အခါ ဖယောင်းတိုင် တစ်တိုင်နီးပါးမျှ ကုန်သွားသည်။ ဖယောင်းတိုင်နောက်တစ်တိုင် မီးထပ်ညှိရသည်။ ဖေဖေနှင့် မောင်လေးသန့်ရာဇာတို့ အပြင်ထွက်၍ လက်ဘက်ရည် သောက်နေကြသည်။ ပြန်ရောက်မလာကြသေးပေ။

ကျွန်မကျောက်စာ တစ်ချပ်ကူးပြီးသည့်အခါ လက်အတော်ညောင်းသွားပါသည်။ ယင်းအတွက် ခြေညောင်း လက်ဆန့်လုပ်သည်။ လက်ဖျားကလေးများကို လှုပ်ခါသည်။ အတန်ငယ်ကြာသည့်အခါ ရွှေပြည်ဝန်ကြီးကတော် ဒေါ်ခင်ဖြူ၏ ကမ္ပည်းကျောက်စာကို ဆက်၍ကူးသည်။

## ရွှေပြည်ဝန်ကြီးကတော်<br>ငယ်မည်ခင်ဖြူ

သက္ကရာဇ် ၁၁၉၅ ခု၊ နတ်တော်လပြည့်ကျော် ၂ ရက် ၅ တေးနေ့၊ အမရပူရမြို့ဖွား။ အဘ ရွှေဘိုမင်းတရားကြီး လက်ထက်၊ ကျီဝန်ကြီး၊ ပုဂံမင်းလက်ထက် ကျော်မော်ဝန်ကြီး မင်းတုန်းမင်းလက်ထက်၊ မကွေးဝန်ကြီး ဦးကြာဥ၊ အမိ ဝန်ကြီးကတော် မရွှေကြာ၊ ဘိုးသရဲဝန် ဦးထွန်း၊ ရတနာပုံ မြို့တည် နန်းတည်မင်းတုန်းဘုရင် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး အမိန့်တော်နှင့် ယင်းတောဝန်ကြီးသား ယောမြို့စား မင်းသားအခေါ်ခံ ဦးဘိုးလှိုင်နှင့် ၁၂၁၅ ခုနှစ် လက်ထပ် မင်္ဂလာပြုစေပြီးလျှင် ၁၂၁၉ ခုနှစ် အသက် ၂၄ နှစ်အရွယ်ရောက်သောအခါ ယောမြို့စားအတွင်းဝန်



ကတော်အဖြစ်နှင့် ရွှေပိန်းယဉ်စီး မုတ်လှ ကန္တာရများကို ပွဲတက်သောအခါ စီးနင်း၍ အပေးတော်ခံကတော်ကြီး ၄ ယောက် တို့အနက်၊ တယောဆရာနှင့် ခစားထမ်းရွက်ရသည်။ ၁၂၂၇ ခုနှစ် အဝမြို့ ဈေးချိုကို အစားသနားတော် မြတ်ခံရသည်။ ၁၂၃၃ ခုနှစ်မှာ မြောက်ပြင်သရဲတပ်ရွာရှေ့။ အုတ်ကျောင်း ဆောက်လုပ်၊ ကျောင်းရေစက်ချ၊ သားအကြီး မောင်မောင်ဘ၊ ရှင်ပြုမင်္ဂလာ၊ သမီးအကြီး ခင်ခင်ကြီး၊ သမီးအငယ် ခင်လေးငယ်တို့ကို နားထွင်းမင်္ဂလာ ပြုပြီးလျှင် ၁၂၄၀ ပြည့်နှစ် ရတနာပုံမြို့တည် နန်းတည်မင်းတုန်းဘုရင် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီး နတ်ပြည်စံတော်မူ၍ သားတော် သီပေါမင်းသား။ နန်းတက်တော်မူရာ၊ ရွှေပြည်ဝန်ကြီး ကတော်အရာ၊ သူကောင်း ပြုတော်မူသည်ကို ခံ၍ ၁၂၅၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ အသက် ၆၂ နှစ်အရွယ် ရောက်သောအခါ ကံကုန်သည်။

ဤကျောက်စာကို သားမက်မောင်မောင်ကလေးနှင့် သမီးခင်ခင်ကြီးတို့က ၁၂၅၉ ခု၊ (     )တောင်းပန်ချက်အရ ရေးသားသည်။

ကျွန်မ ရွှေပြည်ဝန်ကြီးကတော်၏ ကျောက်စာကို ကူးပြီးသည့်အခါ ညနေစောင်းနေပြီဖြစ်သည်။ ညလည်း မှောင်ရီသန်းလာသည်။ ကျွန်မ ကျောက်စာကူးမပြီးခင်ကပင် ဖေဖေနှင့် မောင်လေးသန့်ရာဇာတို့ ပြန်ရောက်နေကြပြီဖြစ်သည်။

"ကဲ သမီးရေ ကူးပြီးရင် ပြန်ကြရအောင်၊ မိုးချုပ်လာပြီ"

ဖေဖေလှမ်းခေါ်သဖြင့် ကျွန်မတို့ ဂူပိမာန် အဆောက်အဦအတွင်းမှ ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကားပေါ်တက်ကြသည်။ ကျွန်မတို့ကားလည်း လာလမ်းအတိုင်း ပြန်ခဲ့သည်။ လမ်းမီးများလည်း ထွန်းညှိထားပြီ ဖြစ်သည်။ ၂၂ လမ်းမှ အနောက်ကျုံးလမ်းအတိုင်း မောင်းလာသည်။

"သမီးရေ ဟိုမှာတွေ့လား အော်တိုတယ်လီဖုန်းရုံးကြီးနဲ့ စာကြည့်တိုက်ကို တွေ့လား"

"တွေ့တယ် ဖေဖေ၊ အဲဒါ ဘာဖြစ်လို့လဲ"

မကြာမီ ကျွန်မတို့စီးလာသော ကားကလေးသည် မီးပွိုင့်တွင် မီးစိမ်းနေသဖြင့် မီးပွိုင့်ကို ဖြတ်ကျော်မောင်းနှင်လာသည်။

ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်နှင့် မိသားစု ငြိမ်းချမ်းစွာ လဲလျောင်းလျက်ရှိသော ဂူဗိမာန်ကလေးကို ကြည့်ရှုပြီး အပြန်လမ်း ကျွန်မမှာ လွမ်းသလိုလို ဆွေးသလိုလို ခံစားမိသည်။

ॐ ॐ ॐ ॐ ॐ






ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင် အထိမ်းအမှတ် ဗိမာန်ရှိ ရုပ်တု

www.burmeseclassic.com

www.burmeseclassic.com





ယောအတွင်းဝန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၏ အုတ်ဂူ





ယောအတွင်းဝန် ရွှေပြည်ဝန်ကြီးကတော် ဒေါ်ခင်ဖြူ၏ အုတ်ဂူ



ယောအတွင်းဝန် ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်၏
ဆွေတော်မျိုးတော်များအုတ်ဂူများ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့မိသားစုသည် မြောင်မြို့မှ အပြန်မန္တလေးတွင် တစ်ညအိပ်သည်။

နောက်တစ်နေ့တွင် ကျွန်မတို့ မိသားစုအားလုံး နံနက် စောစောထကြသည်။

ထို့နောက် မန္တလေးမြို့ရှိ တန်ခိုးကြီး မဟာမြတ်မုနိ ဘုရားကြီးအား သွားရောက်ဖူးမြော်ကြသည်။

နံနက်စောစောဖြစ်၍ မဟာမြတ်မုနိဘုရားကြီးတွင် ဘုရားဖူးများ ရှင်းလိမ့်မည် ကျွန်မ ထင်မိသည်။ သို့သော် ကျွန်မ အထင်နှင့်အမြင် တက်တက်စင်အောင်လွဲမှားခဲ့သည်။

အကြောင်းမှာ ကျွန်မတို့ မိသားစုဘုရားဖူးရောက်သော အချိန်တွင် ဘုရားဖူးများမှာ ကြက်ပျံမကျစည်ကား လျက်ရှိသော ကြောင့် ဖြစ်သည်။

ကျွန်မတို့မိသားစုမှာ ဘုရားကြီးစောင်းတန်းဈေးဆိုင်ခန်းများ အသီးသီးကို ဖြတ်ကျော်၍ မဟာမြတ်မုနိ ဘုရားကြီး သီတင်းသုံးရာ ဂန္ဓကုဋိတိုက်သို့ မနည်းရောက်အောင်သွားခဲ့သည်။

ကျွန်မ စိတ်သည် မဟာမြတ်မုနိဘုရားကြီး၏ မျက်နှာတော်ကို မြင်တွေ့ဖူးမြော်လိုက်ရရုံနှင့်ပင် ကြည်လင်ရွှင်လန်း ဝမ်းမြောက်စေခဲ့သည်။



ကျွန်မတို့ မိသားစုအားလုံးသည် မဟာမြတ်မုနိ ဘုရားကြီးအား "ခြေလက်၊ နဖူး၊ တံတောင်၊ ဒူး၊ ငါးဦးတည်မြေ မှာ" ဆောင်ပုဒ်နှင့်အညီ ရိုသေစွာ ရှိခိုးပူဇော်ကန်တော့ကြသည်။

ထို့နောက် ဖေဖေနှင့်မောင်လေး သန့်ရာဇာတို့က မဟာမြတ်မုနိဘုရားကြီးအား ကိုယ်တိုင်တက်ရောက်၍ ရွှေချကြသည်။

ဤသည်မှာ ကြည်နူးဝမ်းမြောက်စရာ မြင်ကွင်းတစ်ခု ဖြစ်သည်။

ကျွန်မတို့ မိသားစု မဟာမြတ်မုနိဘုရားကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်အတွင်းမှ ပြန်ထွက်လာသည်ထိ ဘုရားဖူးများက ဝင်လာမစဲတသဲသဲ ဖြစ်သည်။

ကြေးရုပ်ကြီးများရှိရာသို့ ကျွန်မတို့မိသားစု လမ်းလျှောက်လာစဉ် မောင်လေးသန့်ရာဇာက ဖေဖေ့အားမေးသည်။

"ဖေဖေ ဒီမဟာမြတ်မုနိဘုရားကြီးက ဘယ်သူတည်ခဲ့ဘာလဲဟင်"

"မဟာမြတ်မုနိဘုရားကြီးတည်ခဲ့တဲ့ မင်းက ဓညဝတီပြည်လို့ခေါ်တဲ့ ရခိုင်ဘုရင် စန္ဒာသူရိယမင်းကြီး သွန်းထုခဲ့တာသား၊ ဒါပေမယ့် မန္တလေးမှာတော့ မဟုတ်ဘူး၊ ရခိုင်ပြည်မှာ သွန်းထုခဲ့တာကွယ့်"

"ဟင် ဒါဆို မဟာမြတ်မုနိဘုရားကြီးက ရခိုင်ကနေ မန္တလေးကို ဘယ်လိုလို့ လုပ်ရောက်လာတာလဲ ဖေဖေ"

"ဒီလိုရှိတယ်သားရဲ့ မဟာမြတ်မုနိဘုရားကြီးဟာ တန်ခိုးကြီးလွန်းလို့ ရခိုင်ပြည်က မင်းအဆက်ဆက် ကိုးကွယ်ခဲ့ကြတာပေါ့ကွယ်။ အဲဒီနောက် ပုဂံခေတ် အနော်ရထာမင်းကြီး လက်ထက်မှာ

www.burmeseclassic.com



တစ်ကြိမ်၊ အလောင်းစည်သူမင်းကြီး လက်ထက်မှာတစ်ကြိမ် မဟာမြတ်မုနိဘုရားကြီး ပင့်ဆောင်ခဲ့ဖူးတယ်သား။ ဒါပေမယ့် ပင့်ဆော လို့ မရခဲ့ဘူး"

ကျွန်မလည်း မဟာမြတ်မုနိဘုရားကြီးသမိုင်းကို စိတ်ဝစားသဖြင့် မောင်လေးသန့်ရာဇာနှင့်အတူ ဖေဖေ့အားဝင်မေးသည်။

"ဒါဖြင့် မဟာမြတ်မုနိဘုရားကြီးကို ဘယ်မင်းလက်ထ ကြမှ ပင့်ဆောင်ခဲ့တာလဲ ဖေဖေ"

"အမရပူရရွှေမြို့ ရွှေနန်းတည် ဘိုးတော်မင်းတရားကြ လက်ထက်ကြမှ ပင့်ဆောင်ခဲ့တာ သမီး၊ ဒါပေမယ့် ပင့်ဆော လာတဲ့သူကတော့ ဘိုးတော်မင်းတရားကြီးမဟုတ်ဘူး၊ သူ သားတော်ကြီးဖြစ်တဲ့ အိမ်ရှေ့ဥပရာဇာ သီရိမဟာဓမ္မာ ဘိ သီဟသူရက ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ပြီးမှ ပင့်ဆော ခဲ့တာ။ ဥ-ဩ-ရေ-သောက် မုနိရောက်ဆိုတဲ့ လင်္ကာအရ ရင်တော့ ၁၁၄၆ ခုနှစ်မှာ မြန်မာတို့လက်ကို ရောက်ခဲ့တယ် ဆိုတယ်သမီး"

ကျွန်မတို့သားအဖတစ်တွေ စကားပြောရင်း ကြေးရု ကြီးများထားရှိရာ အဆောက်အဦအတွင်းသို့ ရောက်ရှိလာသည

မောင်လေး ဘာမျှဝင်မပြောပါ။

ကျွန်မတို့မေးသမျှ ဖေဖေပြောသမျှကို ခေါင်းတညိတ်ညိတ်ဖြင့်သာ နားထောင်နေသည်။

အဆောက်အဦအတွင်းတွင် ကြေးရုပ်ကြီး ခြောက်ရု ရှိသည်။



ယင်းတို့အနက် လူရုပ်လိုလို နတ်ရုပ်လိုလို ကြေးရုပ်ကြီး စ်ရုပ်အား လူကြီးရော ကလေးများပါမကျန် နေရာအနှံ့ အသီးသီး တွင် ပွတ်တိုက်ဆုတောင်းနေသည်ကိုတွေ့ရသည်။

"သမီးနဲ့သား ဒီကိုလာ ဟောဒီခေါင်းသုံးလုံးနဲ့ ဆင်ရုပ်က ရာဝဏ်ဆင်ရုပ်လို့ခေါ်တယ်၊ ဒီလူပုံသဏ္ဍာန်ရှိတဲ့ ကြေးရုပ်ကြီး စ်ရုပ်ကိုတော့ ဒွေဝနတ်ရုပ်တွေလို့ခေါ်ကြတယ်၊ ဟောဒီ ကြေးရုပ် ကြီးက ရှစ်ပေအမြင့်ရှိတယ်၊ နောက်လူကြေးရုပ်က ခုနစ်ပေ အမြင့် ရှိတယ်ကွယ့်၊ ကျန်ခြင်္သေ့ရုပ်သုံးရုပ်ကိုတော့ ခြင်္သေ့ရုပ်လို့ပဲ ခေါ်ကြတာ"

"ဒါနဲ့ ဖေဖေ ဒီကြေးရုပ်ကြီးတွေက မန္တလေးမှာပဲ သွန်း လောင်းထားတာလား"

"ဟာ မဟုတ်ဘူးသမီး၊ မဟုတ်ဘူး ဒီကြေးရုပ်ကြီးတွေမှာ သည်း သမိုင်းကြောင်းရှိတယ်"

"ဘယ်လို သမိုင်းကြောင်းလဲ ဖေဖေ၊ ပြောပြပါဦး"

"ကမ္ဘာ့သုတေသီအဆိုအရ ဒီကြေးရုပ်ကြီးတွေဟာ လွန်ခဲ့ တဲ့နှစ်ပေါင်း တစ်ထောင်ကျော်လောက်က ကမ္ဘောဒီးယား နိုင်ငံ အန်ကောဝတ်ကျောင်းထဲကနေ ထိုင်းနိုင်ငံသားတွေ ယူဆောင်ခဲ့ ကြတယ်လို့ ဆိုတယ်"

ဖေဖေ့အဖြေစကားကြောင့် ကျွန်မတို့မောင်နှမ စ်ယောက်စလုံး ခေါင်းရှုပ်သွားပါသည်။ သို့အတွက် နှစ်ယောက် လုံး ပြိုင်တူခေါင်းကုပ်မိကြသည်။

"ဆက်ပြောတာ နားထောင်ဦးလေ။ ဒီကြေးရုပ်ကြီးတွေ ကမ္ဘောဒီးယားနိုင်ငံကနေ ထိုင်းနိုင်ငံရောက်သွားတာ ရှင်းပြီနော်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရောက်လာတာ ဆက်ပြီး ပြောပြမယ်ဟုတ်လား"

"၉၂၅ ခုနှစ်မှာ ဟံသာဝတီ ဘုရင့်နောင်ကျော် အနော်ရထာမင်းဟာ ယိုးဒယားကို စစ်နိုင်တဲ့အခါ ဒီကြေးရုပ် ခြောက်ရုပ်ကို ဟံသာဝတီကို ယူလာခဲ့တာ။ အဲဒီနောက် တော မင်းကနေ စစ်ကူပေးတဲ့ ရခိုင်မင်းကို လက်ဆောင်ပဏ္ဏာတွေနဲ့ ဒီကြေးရုပ်ကြီးခြောက်ရုပ်ကို ပေးလိုက်တယ်ဆိုပါတော့ကွာ"

"နောက်တစ်ခါ ဘိုးတော်ဗဒုံမင်းလက်ထက်မှာ ခုန ပြောတဲ့ သူ့သားတော်ကြီးက ရခိုင်ကို စစ်နိုင်တဲ့အခါ မဟာမြတ် ဘုရားကြီးနဲ့အတူ သယ်ယူခဲ့တာပဲ"

"နေပါဦး ခုနက ရှင်းပြတဲ့အထဲမှာ သမီး မရှင်းတာ မေးပါရစေဦး၊ ဟံသာဝတီကို ပဲခူးခေါ်တာ မဟုတ်လား၊ ဘယ် လုပ်ပြီး တောင်ငူလို့ခေါ်တဲ့ ကေတုမတီ ရောက်သွားရတာတု ဖေဖေ"

"အေး ဟုတ်သားပဲ၊ ပြောစရာတစ်ခု ကျန်သွားတာကို ၉၆၀ ခုနှစ်မှာ ဟံသာဝတီပျက်ပြီး တောင်ငူမင်းဆီ ရောက်သွားတ ဟံသာဝတီပျက်တာကလည်း တောင်ငူမင်းနဲ့ ရခိုင်မင်းပေါင်း တိုက်လို့ပဲကွဲ၊ ဒါဆိုအားလုံးရှင်းပြီနော်"

"ဟိုမှာကြည့်ကြ၊ အဲဒါ ကြေးရုပ်ကြီးများ မှတ်တမ်း အဲဒီမှတ်တမ်းကို သမီးနဲ့သား ဖတ်ကြည့်ကြဦး"

ကျွန်မတို့ မောင်နှမနှစ်ယောက်သည် ဖေဖေလက်ညှိ ညွှန်ပြသည့် ကြေးရုပ်ကြီးများ၏ မှတ်တမ်းကို ဖတ်ကြသည်။

ကြေးရုပ်ကြီးများ၏ မှတ်တမ်းတွင် ပါရှိသည့်စာ ကျွန်မက မောင်လေးသန့်ရာဇာအား လှမ်းပြောသည်။



"မောင်လေး မြောင်မှာတုန်းက ဘောလုံးကန်လို့ ခြေထောက် နေတယ်ဆို၊ ကြေးရုပ်ကြီး ခြေထောက်ကို ပွတ်လိုက်လေ"

"မောင်လေးလည်း ပွတ်မလို့ပါပဲ မမရဲ့"

ကျွန်မတို့ ကြေးရုပ်ကြီးများထားရှိရာ အဆောက်အဦ တွင်းမှ ထွက်လာသည့်အခါ နေအတော်မြင့်နေသည်။ မဟာ တ်မုနိဘုရားကြီး ဂန္ဓကုဋိတိုက်အား တစ်ပတ်ပတ်ရ၍ ပြတိုက် တွင်း ဝင်ကြည့်ကြသည်။

"ကဲ သားတို့သမီးတို့ရေ သွားစရာနေရာတွေက ကျန်သေး ယ်၊ သွားကြရအောင်"

ဖေဖေလှမ်းခေါ်သဖြင့် ကျွန်မတို့ သားအမိတစ်တွေ ဟာမြတ်မုနိဘုရားကြီးမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ကျွန်မစိတ်ထဲတွင် မဟာမြတ်မုနိဘုရားကြီးကို နောင် စ်ကြိမ်အားရအောင် ဖူးမြော်ခွင့်ရပါစေဟု ဆုတောင်းလိုက်မိ ည်။

& & & & &

www.burmeseclassic.com


www.burmeseclassic.com





မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ရစဉ်





မဟာမြတ်မုနိ ရုပ်ပွားဆင်းတုတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးမြို့၊ မဟာမြတ်မုနိ ဘုရားဝင်းအတွင်း
ကြေးရုပ်ပြတိုက်အတွင်းမှ ကြေးရုပ်တုကြီးများ





မန္တလေးမြို့၊ မဟာမြတ်မုနိ ဘုရားဝင်းအတွင်း
ကြေးရုပ်ပြတိုက်အတွင်းမှ ကြေးရုပ်တုကြီးများ

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးမြို့၊ မဟာမြတ်မုနိ ဘုရားဝင်းအတွင်း ကြေးရုပ်ပြတိုက် အတွင်းမှ ကြေးရုပ်တုကြီးများ

## စခန်းမလေးပေါင် မန္တလေးတောင်

ကျွန်မတို့ မိသားစုသည် မဟာမြတ်မုနိဘုရားကြီးအား ခိုက်ကြည်ညို ဖူးမြော်ပြီးနောက် မန္တလေးတောင်သို့ သွားကြသည်။

မန္တလေးတောင်အသွား မြို့ထဲမှ ကားဖြတ်မောင်းရာတွင် ပသစ်လွင်သော တိုက်တာအဆောက်အဦ များစွာကို ကျွန်မ င်တွေ့ခဲ့ရသည်။

ကျွန်မမြင်တွေ့ခဲ့ရသော တိုက်တာအဆောက်အဦများ၏ ိုင်းပုံစံမှာ ရန်ကုန်နှင့်မတူ။ တစ်မျိုးဆန်းသစ်နေသည်။

ရဲရင့်သော အသွင်ဆောင်သည့် နီရဲသစ်လွင်သော ဈေးချို ာ်ကြီးက မိုးထိတိုင် ငွားငွား စွင့်စွင့်။

ကြီးကျယ်ခမ်းနားသော အဆောက်အဦကြီးတစ်ခုပင်။

သို့တိုင် ဈေးချိုတော်အနီးမှ နာရီစင်ကလေးက ငယ်သော် သည်း ပတ်ဝန်းကျင်အနီးရှိ အဆောက်အဦကြီးများ၏ လေးစား ာ်ပြုခြင်းခံရသော သက်တမ်းအရှည်ဆုံး အဆောက်အဦကလေး ံလိမ့်မည်ဟု ကျွန်မထင်မြင်မိသည်။

နာရီစင် မီးပွိုင့်တွင် မီးစိမ်းကိုစောင့်ရင်း တစ်ခဏအတွင်း န်မတွေးမိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မီးပွိုင့်က မီးစိမ်းကိုပြပြီ။

ထိုစဉ် ကျွန်မတို့စီးလာသည့် ကားလေးသည် မီးပွိုင့် ငြိမ့်ခနဲနေအောင် ရုန်းထွက်လိုက်သည်။

ကျွန်မ နာရီစင်ကလေး၏ ရယ်မောသံကြောင့် အ ရေယာဉ်များလည်း လွင့်ပြယ်သွားခဲ့သည်။ ကားကလေးကား က ကျွန်မတို့ရောက်ခဲ့သည့် အနောက်ကျုံးလမ်းတစ်လျှော မောင်းနှင်လာခြင်းဖြစ်သည်။ ထို့နောက် ညာသို့ကွေ့၍ အနော ကျုံးလမ်းမှ မြောက်ကျုံးလမ်းဘက်တစ်လျှောက် မောင်းနှင်လ သည်။ တောင်ခြေအနီးမှ ကျောက်တော်ကြီးဘုရားကို ဖူးမေ သည်။ မကြာမီ မန္တလေးတောင်ခြေသို့ ရောက်ရှိသည်။

ရှေးဦးစွာ ကျွန်မတွေ့ရသည်မှာ မန္တလေးတောင် ခြင်္သေ့ကြီးနှစ်ကောင် ဖြစ်သည်။ ခြင်္သေ့ကြီးနှစ်ကောင်မှာ ထ ခံ့ညား၍ အချိုးအစားပြေပြစ်သည်ကို ကျွန်မ မြင်တွေ့ရသ

ကျွန်မတို့စီးလာသည့် ကားကလေးရပ်သည့်နေရာ တွင် မန္တလေးတောင်တက် ကားဂိတ်ရှိသည်။

ကျွန်မတို့ စီးလာသည့်ကားကလေးကို တောင်ခြေ ထားခဲ့ပြီး တောင်တက်ကားဂိတ်မှ ကားကို စီးကြသည်။

မန္တလေးတောင်ပေါ်တက်ရန် ကားပြည့်သည့် ကျွန်မတို့ စောင့်ရသည်။ မကြာမီ ကားပေါ်တွင် လူပြည့်သွား

ထိုအခါ ကျွန်မတို့စီးသည့် ကားလည်း တောင်ပေ စတင်မောင်းတက်ခဲ့ပါသည်။ တောင်ပေါ်စတက်ပြီး မ တောင်တက်ကားလမ်းမှာ အကွေ့အကောက် အပတ်အ များနှင့်မို့ ကျွန်မရင်ထဲတွင် တသိမ့်သိမ့် တငြိမ့်ငြိမ့် ခံစားခဲ့ရ



တောင်တက်ကား ယာဉ်မောင်းသမား၏ ကျွမ်းကျင်မှု ကြောင့် တောင်ပေါ်သို့ ကျွန်မတို့မိသားစု အန္တရာယ်ကင်းစွာ ရောက်ရှိသည်။

တစ်ဖန် ကျွန်မတို့မိသားစုသည် မန္တလေးတောင်ပေါ်ရှိ ကားဂိတ်မှတစ်ဆင့် ဓာတ်လှေကား စီးကြသည်။

မန္တလေးတောင်ထိပ်ရောက်ရှိသည်။

မန္တလေးတောင်ပေါ်တွင် ဆုတောင်းပြည့်ဘုရားရှိသည်။ ကျွန်မတို့မိသားစုအားလုံး ဆုတောင်းပြည့်ဘုရားတွင် ရှိခိုးကန်တော့ သည်။

ထို့နောက် မြင်ကွင်းကောင်းသည့် တစ်နေရာမှ မန္တလေးမြို့ ရှုမျှော်ခင်းများကို အားပါးတရ ကြည့်ရှုကြသည်။

မောင်လေးသန့်ရာဇာမှာ မန္တလေးတောင်ပေါ်တွင် ပျော် ကြည်နူးနေဟန်ရှိပါသည်။ ကျွန်မကမူ မန္တလေး ရွှေနန်းတော် နှင့် ဧရာဝတီမြစ်ကြီးကို ငေးမောကြည့်ရှုနေမိသည်။ ထိုစဉ် ဖေဖေက ဧရာဝတီမြစ်ကြီးကို လက်ညှိုးထိုး၍ပြသည်။

"သမီးရေ ဟိုမှာကြည့်စမ်းတွေ့လား၊ ဘုရားဖြူဖြူလေး၊ ဘက်က အဲဒါမင်းကွန်းပေါ့ သမီးရဲ့"

"တွေ့တယ် ဖေဖေ"

"သမီးတို့ကို ဖေဖေကမင်းကွန်းကို လိုက်ပို့ချင်သေးတာ၊ မရလို့"

"အဲဒီ မင်းကွန်းမှာ ဘာတွေရှိလို့လဲ ဖေဖေ"

"ရှိတာပေါ့သမီးရဲ့ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး တော့ သီတင်းသုံးခဲ့တဲ့ကျောင်းတို့၊ မင်းကွန်းခေါင်းလောင်းကြီး ဒါဦးဇွန်းတည်ထောင်ခဲ့တဲ့ ဘိုးဘွားရိပ်သာနဲ့ ဘိုးတော်

www.burmeseclassic.com



ဘုရားတည်ခဲ့တဲ့ ရှင်ဖြူဘုရား စေတီတော်ကြီးတွေ ရှိတာပေါ့ သမီး ရယ်၊ ရောဝတီမြစ် တစ်ဘက်ကမ်းမှာဆိုတော့ ဖေဖေတို့မှာ သိ အချိန်မရဘူး မဟုတ်လား"

ထိုစဉ် ဖေဖေနှင့် ကျွန်မတို့အနီးသို့ မောင်လေး ရော လာသည်။

"ဖေဖေ ဒီမန္တလေးတောင်ကြီးက ဘယ်လောက်မြင့် ဟင်"

"အင်း ဖေဖေကြားဖူးဖတ်ဖူးတာကတော့ မန္တ တောင်ကြီးဟာ တောင်ခြေကနေ (၇၇၈) ပေမြင့်ပြီး ပင်လယ် မျက်နှာပြင်အထက် ပေပေါင်း (၉၅၄) ပေမြင့်တယ်လို့ဆိုတ"

"လာ. . သားတို့သမီးတို့ မန္တလေးတောင်ပေါ်မှာ လျှော ကြည့်ကြရအောင်"

ဖေဖေနှင့်အတူ ကျွန်မတို့မိသားစုအားလုံး မန္တ တောင်ပေါ်မှာရှိတဲ့ ဆုတောင်းပြည့်ဘုရားနဲ့ ဗျာဒိတ်ပေး ဘုရား တွေက ထူးခြားတယ်နော်။ အဲဒါ ဘာဖြစ်လို့လဲ ဖေဖေ"

"ထူးခြားဆို သမီးပြောတဲ့ ဘုရားတွေက ရှေးဟော ဘုရားတွေ ကိုးကွယ်၊ ဆုတောင်းပြည့် ဘုရားက ပုဂံခေတ် အ ရထားမင်းကြီး တည်ထားကိုးကွယ်ခဲ့တယ်လို့ ဆိုကြတယ်။ ဗျာဒိတ်ပေး ဘုရားကြီးကတော့ ပဌမ သင်္ဂါယနာတင် မင်းတုန်း တရားကြီး လှူဒါန်းခဲ့တာ၊ မင်းတုန်းမင်းတရားကြီးက ဗျာဒိတ် ဘုရားကို မြတ်စွာဘုရားရဲ့ အရပ်တော်အတိုင်း အတောင်ရှစ်ဆ အမြင့်ထိ ထုလုပ်ကိုးကွယ်ခဲ့တာ ဒါတင်မကသေးဘူး၊ တောင် က တန်ဆောင်းပြာသာဒ်တော်ကိုပါ ဆောက်လုပ်လှူဒါန်းခဲ့ ပေါ့၊ ဒါကြောင့် သမီးပြောသလို ထူးခြားနေတာပေါ့"



"ရသေ့ကြီးဦးခန္တီကရော ဒီမန္တလေးတောင်နဲ့ ဘယ်လို သက်စပ်နေတာလဲ ဖေဖေ၊ ဦးခန္တီ ရုပ်တုကြီးလည်း တွေ့ခဲ့ရတယ်"

"ဒီလိုရှိတယ်သမီးရဲ့ ရသေ့ဦးခန္တီက သာသနာပြု ပုဂ္ဂိုလ် ကြီးတစ်ဦးလို့ ဆိုရမှာပေါ့ကွယ်၊ ဒီမန္တလေးတောင်နဲ့ ဘယ်လို ဆက်သက်သလဲဆိုတော့ ရသေ့ကြီးဦးခန္တီက သက္ကရာဇ် ၁၂၆၈ ခုနှစ် ကနေ ၁၃၁၀ ပြည့်နှစ် ပျံလွန်တော်မူသည်အထိ မန္တလေးတောင် ပေါ်မှာရှိတဲ့ စေတီပုထိုးဘုရားတန်ဆောင်းတွေကို ပြုပြင် မွမ်းမံခဲ့ တယ်ကွဲ သမီး၊ ဒါကြောင့် သူ့ရုပ်တုကြီးကိုလည်း အမှတ်တရ ထားတာ"

ကျွန်မနှင့်ဖေဖေက စကားပြောရင်း စောင်းတန်းလှေကား အတိုင်း ဖြည်းဖြည်းချင်းဆင်းလာသည်။ မောင်လေး သန့်ရာဇာ စောင်းတန်းဘေးရှိ အုတ်ခုံများတွင်ထိုင်လိုက်နားလိုက်နှင့်။

ကျွန်မနှင့် ဖေဖေကရှုမျှော်ခင်းကောင်းသည့် တစ်နေရာ ထိုင်၍နားကြသည်။

"သမီးဟိုမှာတွေ့လား စေတီတွေအများကြီး၊ အဲဒါ မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့တဲ့ ကုသိုလ်တော် ဘုရားကြီး ကျောက်စာဂူစေတီတွေ၊ ဒီကအပြန် အဲဒီဘုရားကိုသွားဖူးမယ် နော်"

"ကဲ သားတို့သမီးတို့အချိန်ရှိတုန်း တောင်အောက်ကို ဆင်းလိုက်ကြရအောင်ဟေ့၊ သွားစရာနေရာတွေ ကျန်သေးတယ်"

ကျွန်မတို့မောင်နှမနှစ်ယောက်လည်း ဖေဖေ့နောက်မှ လက်ကိုဆွဲ၍ လိုက်ပါခဲ့ကြပါသည်။ ဟိုကြည့် သည်ကြည့်နှင့် မှန်းပန်းရမှန်းမသိဘဲ ကျွန်မတို့မိသားစုတောင်ခြေသို့ ရောက်ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးတောင်ခြေတွင် တွေ့မြင်ရသည့် ခြင်္သေ့ကြီးနှစ်ကောင်



မန္တလေးတောင်ခြေအနီးမှ ကျောက်တော်ကြီးဘုရားအား ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရစဉ်



ကျွန်မတို့မိသားစုသည် မန္တလေးတောင်ပေါ်မှ ဆင်းလာပြီးနောက် တောင်ခြေတွင်နံနက်စာ ထမင်းစား နားကြသည်။

ထို့နောက် မန္တလေးတောင်ခြေအနီးရှိ မဟာလောကမာရဇိန်ဘွဲ့ခံ့ မင်းတုန်းမင်းတရားကြီး တည်ထားတော်မူသည့် ကုသိုလ်တော်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြသည်။

ကျွန်မသည် ကုသိုလ်တော်ဘုရားကြီးနှင့် စန္ဒမုနိဘုရားပရဝုဏ်အတွင်းရှိ ကျောက်စာဂူ ဘုရားများကို မန္တလေးတောင်ပေါ်မှ တွေ့မြင်ဖူးမြော်ခဲ့ပြီးဖြစ်သည်။

ကုသိုလ်တော်ဘုရားကြီးသို့ရောက်သည့်အခါ ကျွန်မများစွာအံ့ဩမိသည်။ ကျွန်မအသက်နှင့် တစ်မျှ ဤ၍ဤမျှ များပြားလှသော ကျောက်စာချပ်များကို မမြင်တွေ့ဖူးပါ။ ကြားလည်း မကြားဖူးခဲ့ပါ။ ယခုကျွန်မလက်တွေ့ မြင်တွေ့နေရသည်။

ကျွန်မတို့မိသားစုသည် ကျောက်စာချပ်များကို အနီးကပ်ဝင်၍ မကြည့်မီ ကုသိုလ်တော်ဘုရားကြီးအား ရှေးဦးစွာ သွားရောက်ဖူးမြော်ကြသည်။

ထို့နောက် ကျွန်မတို့မိသားစုအားလုံးသည် ကျောက်စာချပ်များကို အနီးကပ်ကြည့်ရှုလေ့လာမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ဟောဒီကုသိုလ်တော်ဘုရားကြီးနဲ့ ဒီကျောက်စာတွေကို မင်းတုန်းမင်းတရားကြီး တည်ထား ကိုးကွယ်ဆောက်လုပ်လှူဒါန်းခဲ့တာကွယ့်"

"ဘယ်လိုရည်ရွယ်ချက်နဲ့ လှူဒါန်းခဲ့တာလဲ ဖေဖေ"

"မင်းတုန်းမင်းတရားကြီးရဲ့ ပထမရည်ရွယ်ချက်က သူ့အရင်ဘယ်မင်းတွေမှ မလှူဘူးတဲ့ ကုသိုလ်ပြုမယ်ဆိုပြီး၊ သုတ်ဝိနည်း၊ အဘိဓမ္မာပါဠိတွေကို ကျောက်ထက်အက္ခရာတင်ခဲ့တာ သမီး"

"မဟာလောကမာရဇိန်ဘွဲ့ချီ ကုသိုလ်တော်ဘုရားကြီးကိုတော့ မြို့၊ ကျုံး၊ စေတီ၊ သိင်္ဂီလှံ့ မောင်း၊ သိမ်၊ ကျောင်း၊ သုဓမ္မာ၊ ရွှေစာအမြွတ် ပိဋကတ်တိုက်၊ သမိုက်မြဲမှန်၊ ဆော်ဖန်အောင်စည် တစ်ပြိုင်တည်ဆိုတဲ့ အမှတ်အသားအတိုင်း-

၁။ ရွှေမြို့တော်ကြီး

၂။ ကျုံးတော်

၃။ မဟာလောကမာရဇိန်စေတီတော်

၄။ သိမ်တော်ကြီး

၅။ မဟာအတုလဝေယံကျောင်းတော်

၆။ ပိဋကတ်တိုက်တော်

၇။ သုဓမ္မာဇရပ်တော်တွေကို တစ်ပြိုင်နက်တည်ခဲ့တာပဲ

"အဲဒီနောက်ပိုင်း ကုသိုလ်တော်ဘုရားကြီး ပရဝုဏ်ထဲမှာပဲ မဟာရံတံတိုင်းသုံးထပ်အတွင်း ပိဋကတ်တော် ကျောက်စာတွေ စိုက်ထူလှူဒါန်းခဲ့တာပေါ့ကွယ့်"

"ကျောက်စာတွေ ဒီလောက်များတာ တော်တော်ကြာမှာနော် ဖေဖေ"



"နေဦးသမီးရဲ့ ဒီကျောက်စာတွေကို အင်း ၁၂၂၂ ခုနှစ်စပြီး ထုတာ၊ ၁၂၃၀ ခုနှစ်ပြီးတယ် ဆိုတော့ ရှစ်နှစ်တောင် ကြာတယ်ကွယ့်၊ အဲ့ပိဋကတ်တော်ကျောက်စာချပ်ရေက (၇၂၈) ချပ်၊ သမိုင်း ကျောက်စာက (၁) ချပ် ဆိုတော့ စုစုပေါင်း ကျောက်စာချပ်ရေ (၇၂၉) ချပ်ရှိတယ် သမီး"

"အဲဒီကျောက်စာတွေထုတော့ ယောမင်းကြီး ဦးဘိုးလှိုင်လည်း ပါဝင်ကြီးကြပ်ရတယ်တဲ့ သမီး"

ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်အကြောင်း ထည့်ပြောသဖြင့် မောင်လေးသန့်ရာဇာက ကျွန်မအား ဖေဖေ့ကို မေးငေါ့ပြသည်။ မောင်လေးက ဖေဖေ့အား နောက်ပြောင်ခြင်းဖြစ်သည်။

"ဖေဖေ ရွှေပြည်ဝန်ဦးဘိုးလှိုင်က နေရာတကာ ဝင်ပြီး လုပ်ပေးတယ်နော်"

"ဒါပေါ့သမီးရဲ့ အဲဒီအချိန်တုန်းက ဦးဘိုးလှိုင်က ယောအတွင်းဝန်ပဲဖြစ်သေးတာ။ အသက်က (၃၁) နှစ်ပဲ ရှိသေးပေမယ့် ပညာဉာဏ်မငယ်ဘူးဆိုတာ မင်းတုန်းမင်းတရားကြီးကသိလို့ ဘာဝန်ပေးစေခိုင်းခဲ့တာပေါ့သမီးရဲ့"

"ဖေဖေ ဟိုဘက်မှာရှိတဲ့ ကျောက်စာတိုက်တွေကရော ဘာတွေလဲဟင်"

"အဲဒီကျောက်စာစေတီတွေက ရဋ္ဌသူကြီး ဦးခန္တီရဲ့ ကောင်းမှုပေါ့သားရာ၊ လာ သားတို့သမီးတို့ ဖေဖေ လိုက်ပြမယ်"

မောင်လေးသန့်ရာဇာ၏ နှိုးဆော်မှုကြောင့် ကျွန်မတို့မိသားစု ကုသိုလ်တော်ဘုရားအနီးရှိ စန္ဒမုနိဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။ စန္ဒမုနိဘုရားမဖူးမီ အနီးရှောင်ပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



အဖြူစာလုံးဖြင့် မြန်မာအင်္ဂလိပ် နှစ်ဘာသာရေးထိုးထားသည့် ဆိုင်းဘုတ်ကိုကျွန်မဖတ်ရှုကြည့်မိသည်။

ကောဇာသက္ကရာဇ် ၁၂၇၅ ခုတွင်
ရသေ့ကြီးဦးခန္တီ
စီစဉ်ဆစ်ထု တည်ထားပြုစုခဲ့သော
သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ အဋ္ဌကထာ၊ ဋီကာ
ဓမ္မစေတီကျောက်စာများ

ကျောက်ချပ်ရေ ၁၇၇၄ ချပ်

ဆိုင်းဘုတ်တွင်ပါရှိသည့်စာကို ကျွန်မမြန်မာလို ရေးထားသည်သာ ဖတ်သည်။ အင်္ဂလိပ်လို ကျွန်မဖတ်မကြည့်မိ။

ထို့နောက် ကျွန်မတို့မိသားစုသည် စန္ဒမုနိစေတီတော်ကြီးအား ဖူးမြော်ကြသည်။

စေတီတော်တွင် ရွှေရောင်ဝင်းလျက်ရှိသော ရှေးဟောင်းရုပ်ပွားဆင်းတုတော်တစ်ဆူကိုလည်း ကြည်ညို သပ္ပာယ်စွာ ဖူးတွေ့ရသည်။

"ဖေဖေ့၊ ရသေ့ကြီးဦးခန္တီက ဒီကျောက်စာတွေကို သူ့သဘောနဲ့သူ ထုခဲ့တာလား"

"မဟုတ်ဘူးကွယ့်၊ မဟုတ်ဘူး၊ ရသေ့ကြီးဦးခန္တီက ပိဋကတ်တော်တွေသာမက အဋ္ဌကထာနဲ့ ဋီကာတွေလည်း ကျောက်ထက်အက္ခရာတင်သင့်တယ်လို့ စိတ်ကူးရပြီး သာသနာပိုင် ဆရာတော်တွေ



အရင်လျှောက်ရတယ်သမီး၊ ဆရာတော်တွေရဲ့ ခွင့်ပြုချက်ရမှ လုပ်ရတာ"

ကျွန်မနှင့် ဖေဖေတို့ စကားပြောရင်း စန္ဒာမုနိဘုရားဝင်းအတွင်းမှ ပြန်ထွက်လာသည်။ ဘုရားအဝင်ဂမ္ဘ ကျောက်စာကို ဝင်ကြည့်ကြသည်။

"သမီး ရသေ့ကြီးဦးခန္တီက ကျောက်စာ (၁၇၇၄) ချပ်ကို စေတီဂူပေါင်း (၇၅၈) ဆူ တည်ထားခဲ့တာကွယ့်"

"ဟုတ်လား၊ ဖေဖေ။ ဟာ ဒီမှာကြည့်ပါဦး ကျောက်စာချပ်ရေ နံပါတ်တစ်"

ဖေဖေက ကျွန်မပြသည့် ကျောက်စာကိုလာ၍ကြည့်သည်။ ထို့နောက် ကျွန်မတို့မိသားစုသည် ကျွန်မတို့ စီးလာသည့် ကားကလေးရှိရာသို့ သွားကြသည်။ ထိုစဉ်ဖေဖေက ကျွန်မအား တစ်ခွန်း ပြောသည်။

"သမီး ဒီကျောက်စာတွေဟာ ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးပဲ" ဟု ပြောလိုက်ခြင်းဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com





စန္ဒမုနိဘုရားပုရဝုဏ်အတွင်း ကျောက်စာဂူစေတီများနှင့် ကုသိုလ်တော်ဘုရားကြီး



မန္တလေးမြို့ရှိ မဟာလောက မာရဇိန်ဘွဲ့ရှိ တုသိုလ်တော်ဘုရားပုရဝုဏ်အတွင်းမှ ကျောက်စာချပ်များထားရှိရာ စေတီတော်များ





မန္တလေးမြို့ရှိ တုသိုလ်တော်ဘုရားအနီး စန္ဒမုနိဘုရားဝင်းအတွင်းရှိ ကျောက်စာဂူစေတီအတွင်းမှ ကျောက်စာ

www.burmeseclassic.com

www.burmeseclassic.com





စန္ဒမုနိဘုရားတွင် ဖူးတွေ့ရသည့် ရှေးတောင်းဆင်းတုတော်တစ်ဆူ



ကျွန်မတို့မိသားစုသည် ကုသိုလ်တော်ဘုရားကြီးကို ...င်ရောက်ဖူးမြော်ပြီးနောက် နန်းမြို့တွင်းရှိ မြနန်းစံကျော် ...ရွှေနန်းတော်ကြီးကို သွားရောက်လေ့လာကြမည်ဖြစ်သည်။

ကျွန်မတို့စီးလာသည့် ကားလေးသည် ကုသိုလ်တော် ...ဘုရားမှ အပြန်အရှေ့ကျုံးလမ်းမှ မောင်းနှင်လာသည်။

နန်းရှေ့တစ်နေရာအရောက်တွင် ကြီးကျယ်ခံ့ညားလှပ ...သော မန္တလေးမြို့ရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး ...၏ အဝင်ဝမုခ်ဦးကို မြင်တွေ့ခဲ့ရသည်။ တစ်ဖက်မှ နန်းမြို့ရိုးကြီးကို ...သည်း စိတ်ဝင်စားစွာကြည့်ရှုလာခဲ့သည်။

"ဖေဖေ မန္တလေးနန်းတော်ကြီးကို ဘယ်တုန်းက စတည်ခဲ့ ...တာလဲဟင်"

"အုတ်ကျစ်ကျော်အေး မန္တလေးလို့စာဆိုရှိတယ် သမီးရဲ့၊ ...အုတ်က အ-တနင်္ဂနွေဆိုတော့ တစ်၊ ကျစ်က က-တနင်္လာနှစ်၊ ...ကျော်ကလည်း တနင်္လာ နှစ်၊ အေးကဆိုတော့ တနင်္ဂနွေ တစ်၊ ...၁၂၂၁ ခုနှစ်မှာ မန္တလေးမြို့တော်ကြီးကို စတည်တယ်ဆိုကြတယ်"

"မန္တလေးမြို့လို့ ဘာလို့ခေါ်တာလဲ ဖေဖေ"

"တိတိကျကျတော့ ဖေဖေလည်း မသိဘူး။ ဒါပေမယ့် ...ဖေဖတ်ဖူးတဲ့ စာအုပ်တွေနဲ့ ကြားဖူးတဲ့စကား အဆိုအရ

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတောင်ကိုအစွဲပြုပြီး မန္တလေးမြို့လို့ခေါ်တယ်ဆိုတာပဲ သိတယ်"

ထိုစဉ် ကျွန်မတို့စီးလာသည့် ကားကလေးသည် လက်ယာဘက်သို့ချိုးကွေ့လိုက်သည်။ ဖေဖေနှင့် ကျွန်မ ပြောလာသည့် စကားစလည်း ပြတ်သွားသည်။

မောင်လေးသန့်ရာဇာက ကျွန်မအနီးမှ ဖေဖေ့အနားသို့ အနီးကပ်၍ ထိုင်သည်။ ဖေဖေက မောင်လေး၏ အရိပ်အကဲကို နားလည်သည်။ ကြို၍သိသည်။

"သား ဘာမေးချင်လို့လဲ မေးလေ"

"မန္တလေးနန်းတော် မြို့ရိုးတံခါးတွေနဲ့ ပြာသာဒ်တွေ အကြောင်းသိချင်လို့ပါဖေဖေ"

"ဟော ဒီနန်းမြို့ရိုးကြီးရဲ့ လေးမျက်နှာပတ်ပတ်လည် ဆိုရင် (၅) မိုင်နဲ့ (၁) ဖာလုံရှိတယ် သား၊ ဘုရင့် ခေတ်တုန်းက မိုင်နဲ့တိုင်းတာတာ မဟုတ်ဘူး။ တာတို့ အတောင်တို့နဲ့ ပြောတာ မြို့ရိုး မျက်နှာတစ်ဖက်ရဲ့ အရှည်က (၄၂၀၀) ရှိတယ်သား။ အဲ မြို့ရိုးအမြင့်ကတော့ သန်းတောင်နဲ့ဆိုရင် (၁၈) တောင်၊ (၂၈) ပေနဲ့ (၆) လက်မရှိတယ်တဲ့။

"နေဦးသား၊ မြို့ရိုးတံခါးတွေအားလုံး (၁၂) ခုရှိတယ်၊ တံခါးနာမည်တွေ ဖေဖေကြည့်လိုက်ဦးမယ်"

ဖေဖေက မောင်လေးသန့်ရာဇာအားပြောရင်း လွယ်အိတ် အတွင်း၊ စာအုပ်ကလေးတစ်အုပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် နန်းမြို့ရိုးမြေပုံကိုကြည့်ကာ ဆက်၍ပြောသည်။

"ဒီမြေပုံအရ နန်းမြို့ရိုးပတ်ပတ်လည်မှာ တံခါး (၁၂)



ခု ရှိတယ်ကွ၊ တောင်ဘက်မြို့ရိုးမှာ ကျွန်းလုံးယူတံခါးရယ်၊ ကျော်မိုးတံခါးရယ်၊ ရန်ငွေညည်တံခါးရယ်ဆိုပြီး သုံးခုရှိတယ်။ အခုဖေဖေတို့ နန်းတွင်းကိုဝင်မယ့် တံခါးကကျော်မိုးတံခါး ကဝင်မှာ။

အနောက်ဘက်မြို့ရိုးမှာ ကြေးမုံတံခါး၊ စည်ရှည် တံခါး၊ ထင်ရှားတံခါးရယ်ရှိတယ်။ မြောက်ဘက်မြို့ရိုးမှာ စည်သာတံခါး၊ လေးသိန်းတံခါး၊ မန်းဦးတံခါးရယ်ရှိပြီးတော့ အရှေ့ဘက်မြို့ရိုးမှာ လွန်ကဲတံခါး၊ ဦးထိပ်တံခါး၊ သောင်းညွှတ်တံခါးဆိုပြီး ရှိတယ် သားရဲ့"

နန်းမြို့ရိုးပြာသာဒ်တွေက အားလုံးပေါင်း (၄၈) ခု ရှိတယ် သား၊ အဲဒီပြာသာဒ်တွေထဲက မူလ လက်ရာ (၁၂) ခု ပဲရှိတယ် သားရဲ့၊ ကျန်တဲ့ ပြာသာဒ် (၃၆) ခုက ရှေးလက်ရာမပျက် အသစ်ပြန်ပြီး တည်ဆောက်ထားတာ"

ဘာလို့ အသစ်ပြန်ဆောက်ရတာလဲ ဖေဖေ"

"စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးသွားလို့ပဲဆိုပါတော့ကွာ၊ သီပေါမင်းပါတော်မူပြီးတဲ့နောက် ဗြိတိသျှ နယ်ချဲ့တွေက နန်းတွင်းထဲမှာနေရာယူထားကြတာ၊ တပ်စွဲထားကြတာ၊ ၁၉၄၂ ခုနှစ်၊ ဂျပန်တွေဝင်လာတော့ ဗြိတိသျှ နယ်ချဲ့တွေကို ဗုံးတွေကြဲချ အမြောက်တွေနဲ့ ပစ်ဆိုတော့ နန်းမြို့ရိုးတွေ ပေါ်မှာရှိတဲ့ ပြာသာဒ်အချို့နဲ့ နန်းတော်ထဲက နန်းမအဆောင်တော်ကြီးတွေ ပျက်စီးခဲ့ရတာပေါ့။

အဲ ဒုတိယကမ္ဘာစစ်ဖြစ်တော့ မဟာမိတ်တပ်တွေ ဝင်လာတော့ နန်းမြို့ရိုးထဲကို လေယာဉ်ပေါ်က ဗုံးကြဲချလို့ မြေနန်းပြာသာဒ်တော်ကြီးနဲ့ နန်းမြို့ရိုးပြာသာဒ်တွေ ထပ်မံပျက်ခဲ့ရတာပေါ့ သားရယ်။ ဟောဒီတံခါးက ကျော်မိုးတံခါးပဲ သမီးနဲ့သား

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရှင်းပြနေစဉ်မှာပင် ကျွန်မတို့ကျော်မိုးတံခါးမှ မန္တလေးနန်းတွင်းသို့ ရောက်ရှိလာခဲ့သည်။

နန်းတွင်းရှိ ကားလမ်းဘေးဝဲယာတစ်လျှောက် သန့်ရှင်းနေသည်။

နန်းတွင်းတွင် စိမ်းစိုညိုမှိုင်းလျက်ရှိသော မန်ကျည်းပင်များကိုတွေ့ရသည်။ မကြာမီ ကျွန်မတို့ စီးလာသည့် ကားကလေးသည် မြနန်းစံကျော် ရွှေနန်းတော်ကြီးသို့ရောက်ရှိသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီးဝင်ပေါက်တွင် မန်ကျည်းပင်ကြီးနှစ်ပင်ရှိသည်။ ကျွန်မတို့ မိသားစုလည်း မန်ကျည်းပင်ရိပ်တွင် ခဏတာမျှခွေးသိပ်ကြသည်။

ရွှေနန်းတော်ကြီးအတက် လှေကားတစ်ဖက်တစ်ချက်စီတွင် ရေးအမြောက်ကြီးများကို မြင်တွေ့ရသည်။

မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ လှေကားအတက်တွင် ဖေဖေက ကျွန်မအား ရွှေနန်းတော်ကြီးအား လက်ညှိုးထိုး၍ ရှင်းပြသည်။

"သမီး ဟောဒီ မန္တလေးနန်းတော်ကြီး အသစ်ပြန်လည်တည်ဆောက်ဖို့ အရင်ခေတ်တွေ ကတည်းက ကြိုးစားခဲ့ကြတာ မအောင်မြင်ခဲ့ဘူး။ အဲ သီပေါမင်းပါတော်မူပြီးတဲ့ နှစ်ပေါင်း (၁၀၃) နှစ်ထိ ကြာတဲ့တိုင် မပြုပြင်နိုင်ခဲ့ဘူး သမီး။ ၁၉၈၉ ခုနှစ်ရောက်မှပဲ အသစ်ပြန်လည်တည်ဆောက်နိုင်ခဲ့တာ။

နန်းမြို့ရိုးတွေ၊ ပြာသာဒ်တွေနဲ့ ဟောဒီ မြနန်းစံကျော်ရွှေနန်းတော်ကြီးကို အမျိုးသားယဉ်ကျေးမှုအားပေး မြှင့်တင်မှုအတွက် အခြေခံပြီးတော့ အမျိုးသားရေးစိတ်ဓာတ်နဲ့ မျိုးချစ်စိတ်ဓာတ်



ရှင်သန်ထက်မြက်ရေး ရည်ရွယ်ချက်နဲ့ အသစ်ပြန်လည် တည်ဆောက်ဖို့ လမ်းညွှန်မှာကြားခဲ့တာ သမီး၊ အဲဒါကြောင့် အခုလို သမီးတို့ သားတို့မြင်တွေ့ကြရတာ။

ဖေဖေရှင်းပြနေစဉ် ကျွန်မနှင့် မောင်လေးသန့်ရာဇာတို့က ပလ္လင်တော်ပေါ်မှ သီပေါမင်း တရားကြီးနှင့် မိဖုရားခေါင်စုဖုရားလတ်တို့၏ ရုပ်တုတော်ကိုလှမ်းကြည့်မိသည်။ ထို့နောက် ကျွန်မသည် စာဆိုတော်ကြီး ဦးပုည ရေးဖွဲ့ခဲ့သည့် ကဗျာကလေးတစ်ပုဒ်ကို သတိရလိုက်မိသည်။ ဖေဖေ့ကိုလည်း ဆိုပြလိုက်သည်။

ပန်းစပယ်
နန်းအလယ်မပေါ်ခိုက်ဟာမို့
အလိုက်တော်တန်သင့်ရုံပ
ခံပွင့်ကိုကုံး
နန်းရဝေ
ပန်းမြေမှာ စပယ်လှိုင်တော့
ခံပန်းခိုင် ယာယီရွှေ့တယ်
တောခလေ့ရွာသုံး။

ကျွန်မရွတ်ပြသည့်ကဗျာကလေးကို ဖေဖေနှင့် မောင်လေးသန့်ရာဇာက နားထောင်နေကြသည်။ ကျွန်မသည် ကဗျာကလေးကိုသာ အလွတ်ရွတ်ဆိုပြနိုင်သော်လည်း အဓိပ္ပာယ် နားမလည်။

သည့်အတွက် ဖေဖေ့ကိုသာ အားကိုးရပြန်သည်။

"ဖေဖေ သမီးရွတ်ပြတဲ့ ကဗျာလေးရဲ့အဓိပ္ပာယ် သမီး နားမလည်လို့ ရှင်းပြပါဦး"

"သမီးရွတ်ပြတဲ့ ကဗျာလေးရဲ့အဓိပ္ပာယ်က တစ်ခြား

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး သမီးရယ်။ ကုန်းဘောင်ခေတ်တုန်းက စပယ်ပန်းကို တော်ဝင်ပန်းမြတ်လို့ဆိုကြတယ်။ အဲဒီ စပယ်ပန်းတွေ မပွင့်မီမှာ တော့ နန်းတွင်းသူတွေ ခံပွင့်ကိုကုံးပြီး ပန်ဆင်ခဲ့ကြတာပေါ့။ အဖြည့်ခံပေါ့ သမီးရယ်။

စပယ်ပန်းတွေ ပွင့်ချိန်လည်းရောက်ရော နန်းတွင်းသူတွေ စပယ်ပန်းတွေကိုသာ ပန်ဆင်ကြတော့ ခံပွင့်တွေ၊ ခံပန်းခိုင်တွေကို မသုံးကြတော့ဘူးပေါ့။ အဲဒီအခါ ခံပန်းတွေဟာ တောရွာမလေ့ သုံး တောပန်းလေးတွေ ပြန်ဖြစ်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ကဲ သမီးနဲ့ သားတို့အားလုံး ဒီမှာပဲခဏနေကြဦး၊ ဖေဖေ ဟိုဘက်ခဏသွားလိုက်ဦးမယ်"

ဖေဖေက ပြောပြောဆိုဆိုနှင့် ကျွန်မတို့အနီးမှ ထွက်သွား သည်။

ဘယ်သွားမှန်း မသိပါ။ ကျွန်မတို့ မောင်နှမနှစ်ယောက် သာ ကျန်ခဲ့သည်။

မကြာမီ ဖေဖေပြန်လာသည်။

ဖေဖေ့အနီးတွင် မမကြီးတစ်ယောက်လာသည်။ ဖေဖေ နှင့် ဘာတွေပြောထားမှန်းမသိ။

ကျွန်မတို့အနီးရောက်လာသည့်အခါ ဖေဖေက သူနှင့် အတူပါလာသည့် မမကြီးနှင့် ကျွန်မတို့အား မိတ်ဆက်ပေးသည်။

ခင်ရတနာ၊ ဟောဒါက သား သန့်ရာဇာ။

ကဲ သမီးတို့ သားတို့ ဟောဒါက ရှေးဟောင်း သုတေသန ဌာနက မမကြီးပဲ၊ မြနန်းစံကျော် ရွှေနန်းတော်ကြီးအကြောင်းကို မမကြီးကရှင်းပြလိမ့်မယ် ဟုတ်လား"



"ဟုတ်ကဲ့ ဖေဖေ"

"ကဲ လာကြ ညီမလေးနဲ့ မောင်လေးတို့ မမရှင်းပြမယ်"

ရှေးဟောင်းသုတေသနဌာနမှ မမကြီးက ကျွန်မတို့ မောင်နှမနှစ်ယောက်ကို ဦးဆောင်၍ ခေါ်သွားသည်။ ဖေဖေနှင့် မေမေတို့က ကျွန်မတို့အနီးမှ ကပ်၍လိုက်ပါလာကြသည်။

"သမီး သားတို့ ဟောဒီရွှေနန်းတော်ကြီးရဲ့ နန်းခုံဟာ အရှေ့နဲ့ အနောက်က (၁၀၀၄) ပေ ရှိပြီးတော့ တောင်နဲ့မြောက်က (၂၇၄) ပေရှိတယ်။ ဒီနန်းခုံပေါ်မှာ အဆောင်ပေါင်း (၁၁၄) ဆောင်ရှိတယ်။

အခု သမီးတို့သားတို့တက်လာတဲ့ အရှေ့ဘက်မျက်နှာစာ က လှေကားကမင်းတက်လှေကားလို့ ခေါ်တယ်။ မင်းတက် လှေကားထိပ်က အဆောင်ကြီးကိုတော့ အရှေ့စမုတ်ဆောင်ကြီးလို့ ခေါ်တယ်။

အဲဒီအဆောင်ကို ညီလာခံသဘင်ကျင်းပတဲ့အခါမှာ အသုံးပြုတယ်ကွယ့်။

မင်းသားကြီးတွေ၊ မင်းသားလတ်တွေ၊ မင်းသားငယ်တွေနဲ့ မင်းမှူး၊ နာခံတော်၊ သံတော်ဆင့်၊ နာဂီတော်မှူး၊ သွေးသောက် ကြီးတွေ ခစားကြရတာပေါ့"

ကျွန်မတို့ကို ရှေးဟောင်းသုတေသနဌာနက မမကြီးက အရှေ့စမုတ်ဆောင်နှင့် တစ်ဆက်တည်းရှိ လက်ဝဲ မြေနန်းပွဲတက် ဆောင်နှင့် လက်ယာမြေနန်းပွဲတက်ဆောင်များသို့ ခေါ်ဆောင်လာ သည်။

"ဟောဒီ အဆောင်နှစ်ဆောင်ဟာ နေရာချင်းတူပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လက်ဝဲမြေနန်းပွဲတက်ဆောင်မှာရှိတဲ့ အမှုထမ်းတွေဟာ လက်ယာပွဲတက်ဆောင်မှာရှိတဲ့ အမှုထမ်းတွေထက် ရာထူးမြင့်ကြတယ်ကွယ့်"

ဟောဒီ လက်ဝဲ၊ လက်ယာဆောင်တွေမှာ ညီလာခံသဘင်ကျင်းပတဲ့အခါကျတော့ စော်ဘွားကြီး၊ အဲ စော်ဘွားကြီးနောက်က အမှုထမ်း၊ ယိုးဒယားမင်းသား၊ သူဌေးသူကြွယ်တွေနဲ့ အမှုထမ်းတွေ မွန်ယိုးဒယားနဲ့ ရှမ်းမြို့စား၊ အမတ်တွေခစားကြရတာပေါ့ကွယ်း

ကဲ သမီးတို့သားတို့ မမနောက်လိုက်ခဲ့ကြ။

ကျွန်မတို့မောင်နှမနှစ်ယောက်ကို မမကြီးက စိတ်ပါ လက်ပါရှင်းပြပါသည်။ မမကြီးက လေယူလေသိမ်း ကောင်းသည်၊ အသံကလည်း ကြည်လင်ပြတ်သားသည်။ ကျွန်မတို့ စိတ်ဝင်စားအောင်လည်း ရှင်းပြနိုင်စွမ်းရှိသည်။

ကျွန်မတို့ကို အရှေ့စမုတ်အဆောင်ကြီးနှင့် မြေနန်းပြာသာဒ်တော်ကြီးအကြားရှိ မြေနန်း စနုဆောင်ကြီးသို့ ခေါ်ဆောင်၍လာသည်။

"ဟောဒီ မြေနန်းစနုဆောင်ကြီးမှာ ရှေ့တုန်းက၊ လက်ယာ ရစ်ခရုသင်းထားတဲ့ အဆောင်ကြီးပေါ့။ ဒီ အဆောင်မှာ ညီလာခံကျင်းပရင် လက်ဝဲစစ်သူကြီးရယ် လက်ယာစစ်သူကြီးရယ်၊ နောက် စော်ဘွားကြီးတွေပဲ ခစားရတယ်ကွယ့်၊ လာကြ ဒီဘက် အဆောင်ကိုသွားကြရအောင်"

မြေနန်းစနုဆောင်၏ အနောက်ဘက်ရှိ မြေနန်းပြာသာဒ် တော်ကြီးသို့ သွားကြပါသည်။ မြေနန်းပြာသာဒ်တော်ကြီး အမိုးဘုံ (၇) ဆင့်ရှိသည်ကိုတွေ့ရပါသည်။ ထူးခြားသည်မှာ ယ



မြေနန်းပြာသာဒ်တော်ကြီးသည် နန်းဆောင်များအားလုံးထက် မြင့်မားနေခြင်းပင်ဖြစ်သည်။ တစ်ဆောင်လုံး ရွှေရောင်များနှင့် တောက်ပလျက်ရှိသည်။

ယင်းမြေနန်းပြာသာဒ်တော်ကြီးထဲတွင် ပလ္လင်တော်ကြီး တစ်ခုရှိသည်။

"ဒါက မြေနန်းပြာသာဒ်တော်ကြီးလို့ခေါ်တယ်။ မြေနန်းပြာသာဒ်တော်ကြီးလို့ခေါ်ရတဲ့ အကြောင်းကတော့ ဟောဒီ သီဟာသနပလ္လင်တော်အောက် အုတ်ခုံကြီးထဲမှာ မဇ္ဈိမဒေသလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံက ရှေးမင်းကောင်းမင်းမြတ် စံတော်မူခဲ့တဲ့ ဗာရာဏသီတို့၊ ဝေသာလီတို့၊ သာဝတ္ထိတို့ကနေ နန်းတော်ရာနေရာက မြေတွေ မင်္ဂလာယူပြီး ထည့်သွင်းထားလို့ပဲကွယ့်။

ဟောဒီပလ္လင်တော်ကြီးက ယမနေသားနဲ့ ဘုရင့် လက်ထက်တော်တုန်းကထုထားတာ၊ မဟာပလ္လင်တော်မျိုးလို့ ခေါ်တယ်။ အကြီးဆုံး ပလ္လင်တော်ကြီးပေါ့ကွယ်"

မမကြီးလက်ညှိုးညွှန်ပြသဖြင့် ပလ္လင်တော်ကြီးကို ကျွန်မ သေချာကြည့်မိသည်။ သီဟာသန ပလ္လင်တော်ကြီးတွင် သိကြားရုပ်၊ နတ်ရုပ်များ၊ ဆင်ပျံ၊ ခြင်္သေ့ပျံ၊ ပန်းခက်ပန်းနွယ်များနှင့် ထုလုပ်ထားသည်။ တံခါးနှစ်ချပ်ပါရှိသည်ကိုလည်း တွေ့ရသည်။

"မမကြီး ဒီအဆောင်ကြီးက ဘုရင်တွေဘာလုပ်တဲ့အခါမှာ သုံးတာလဲဟင်"

မောင်လေးသန့်ရာဇာလည်း မြေနန်းပြာသာဒ်တော်ကြီးကို စိတ်ဝင်စားသဖြင့် မမကြီးအား မေးသည်။

"အင်း ဒီမြေနန်းပြာသာဒ်တော်ကြီးက ပေါ်းပွဲသဘင်

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပတဲ့နေရာပဲ မောင်လေးရဲ့ ဘယ်အချိန်တွေမှာ ကျင်းပလဲ ဆိုတော့ နှစ်သစ်ဦးမှာ တစ်ကြိမ်၊ ဝါဝင်မှာ တစ်ကြိမ်၊ ဝါကျွတ်မှာ တစ်ကြိမ်ပဲကျင်းပတာ၊ တစ်နှစ်လုံးမှ သုံးကြိမ်ပဲ ကျင်းပတဲ့ အဆောင် ပေါ့"

မင်းပွဲသဘင်ဆိုတော့ မင်းတရားကြီးနဲ့ မိဖုရား နှစ်ပါး စလုံး ထွက်တော်မူကြတာ၊ အဲဒီမင်းပွဲ သဘင်တက်တဲ့ အိမ်ရှေ့ မင်းနဲ့တကွ စော်ဘွားတွေ၊ မှူးတော်၊ မတ်တော်တွေ၊ ဗိုလ်မှူး စစ်ကဲ တွေဟာ မင်းကြီးပေးသနားထားတဲ့ မောင်းတော်၊ နားတောင်း၊ စလွယ်တွေနဲ့ ဝတ်စုံပြည့်ဝတ်ပြီး တက်ကြရတယ်။

ပလ္လင်တော်ကြီးရဲ့ နောက်ဘက်ကြမ်းမြင့်မှာ မိဖုရားကြီး တွေက ခစားကြရတာ၊ ကြမ်းနိမ့်မှာတော့ ကိုယ်လုပ်တော်တွေ မောင်းမမိဿံတွေ ခစားကြရတာပေါ့ကွယ်။

"ညီမလေးနဲ့ မောင်လေးတို့လာကြ၊ ဟိုဘက်နောက် စနု ဆောင်ကို သွားကြရအောင်"

မမကြီးခေါ်ဆောင်ရာ နောက်စနုဆောင်သို့ ကျွန်မတို့သွားကြ သည်။ ထို့နောက် ဇေတဝန် ဆောင်သို့သွားကြသည်။

"ဟောဒီ ဇေတဝန်ဆောင်ကိုတော့ အရေးကြီးတဲ့ ကိစ္စတွေ ကို စုပေါင်းတိုင်ပင်ကြဖို့ပဲ သုံးတာကွယ့်"

"မမကြီး ဒီအဆောင်ကို ဘာလို့ဇေတဝန်ဆောင်လို့ ခေါ်တာလဲဟင်"

"ဒီလိုကွယ့်၊ မြတ်စွာဘုရားသခင်ရဲ့ ဇေတဝန်ကျောင်း တော်ကြီးရဲ့ ပုံသဏ္ဍာန်ကို အတုယူဆောက်ထားလို့ပဲ ဆိုပါတော့ ကွယ်"

ထို့နောက် ကျွန်မတို့သည် ဇေတဝန်ဆောင်၏ မြောက်



ဘက်တွင်ရှိသည့် ပြတိုက်ဆောင်၊ တောင်ဘက်တွင်ရှိသည့် လေသာ ဆောင်သို့သွားကြသည်။ လေသာဆောင်ကို ကွမ်းရေတော်ဆောင်၊ ပရိတ်နာဆက်ဆောင်ဟု ခေါ်ကြောင်းလည်းသိရသည်။

တစ်ဖန် ကျွန်မတို့သည် ဇေတဝန်ဆောင်ကြီး၏ အနောက် တွင်ကပ်လျက်ရှိသည့် ဗောင်းတော်စနုဆောင်သို့ သွားကြသည်။

နန်းတော်ခုံကြီး၏ အလယ်တည့်တည့်ရှိ မှန်နန်းတော်ကြီး အပါအဝင် တောင်ဘက်မင်းတက် လှေအနီးမှ တောင်စမုတ် ဆောင်ကိုရောက်ကြသည်။

ထို့အတူ အနောက်စမုတ်ဆောင်သို့လည်း ရောက်ခဲ့ကြ သည်။

တောင်စမုတ်ဆောင်ရောက်စဉ်က မောင်လေးသန့်ရာဇာ က ကျွန်မအားလှမ်း၍ နောက်ပြောင်သဖြင့် အားလုံး ရယ်မော ခဲ့ကြရသည်။

"ကဲ မယ်မင်းကြီးမ ငါကိုယ်တော်မြတ်ရဲ့ နန်းတော်ကို အခုလို စိတ်ဝင်တစားလေ့လာခဲ့လို့ တောင်စမုတ်က ထောင်ထုပ် ပေးသနားတော်မူစေဗျာ၊

အဲ အဲ နေကြဦးဟဲ့၊ နေကြဦးဟဲ့ နန်းတော်ပြတိုက်ထဲက ကျောက်စာတွေမကူးဘူးဆိုရင်လည်း အနောက်စမုတ်ကလည်း ထောင်ထုပ်ကိုထပ်မံပေးသနားတော်မူစေဗျာ"

အနောက်စမုတ်သို့ရောက်လာသည့်အခါ မောင်လေး သန့်ရာဇာက ကျွန်မကိုစပြန်သည်။

"မမ ကျောက်စာတွေ မကူးတော့ရင် တောင်စမုတ်က အသပြာထောင်ထုပ်သွားယူဦးလေဗျာ"

ထိုစဉ် ကျွန်မက မောင်လေးကို လိုက်၍ရိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လေးက နန်းတော်ထဲတွင် ပတ်၍ပြေးသည်။ ဖေဖေ ရှေးဟောင်းသုတေသနက မမကြီးကိုကျေးဇူးတင်စကားပြော သည်။

ထို့နောက် ဖေဖေက ကျွန်မတို့ မောင်နှမနှစ်ယောက် လှမ်းခေါ်သည်။

"သမီးနဲ့ သားတို့လာကြတော့ မင်းတို့မမကြီးကို နှုတ်ဆ ကြ ပြန်ကြရအောင်"

ကျွန်မတို့မောင်နှမ နှစ်ယောက်စလုံး မမကြီးကိုနှုတ်ဆ ကြသည်။ ကျေးဇူးတင်စကားပြောကြသည်။

"ကဲ မောင်လေးတို့ညီမလေးတို့ရေ အခု မမကြီး ရှင်း တာလိုက်ပြခဲ့တာတွေ အားလုံးဟာ မင်းတုန်းမင်းကြီးနဲ့ သီပေါမ ကြီးတို့ရဲ့ ကုန်းဘောင်မင်းဆက် နောက်ဆုံး အမွေအနှစ်တွေ မောင်လေးတို့ ညီမလေးတို့ လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှေ ကြပေါ့ကွယ်"

"ဟုတ်ကဲ့ပါ မမ"

ကျွန်မတို့ မိသားစုအားလုံး ရှေးဟောင်းသုတေသ မမကြီးအား နှုတ်ဆက်၍ နန်းတော်ပေါ်မှ ပြန်ဆင်းခဲ့ကြသည်

ထို့နောက် နန်းတော်၏မြောက်ဘက်ရှိ မင်းတုန်းမင်း ၏ သချိုင်းတော်ကျွန်းပြာသာဒ်အလယ်နန်းတော် ဆင်ဖြူမရှင် သချိုင်းတော်အုတ်ပြာသာဒ်၊ သီပေါမင်း၏မယ်တော် လောင်းရှ မိဖုရား၏ သချိုင်းတော် ကျွန်းပြာသာဒ် တို့ကို သွားရောက် ကြည် ကြသည်။ ထို့အတူ မင်းတုန်းမင်း၏ သချိုင်းအုတ် ဂူမြောက်ဘက် ရတနာပုံဒင်္ဂါးစက်ရုံကိုလည်း တစ်ဆက်တည်း သွားရောက် ကြည် ကြသည်။

ရတနာပုံဒင်္ဂါးစက်ရုံသည် ခေါင်းတိုင်ပါရှိ၍ အခန်း (



န်းပါရှိသော တစ်ထပ်တိုက်တန်းလျားကြီးဖြစ်သည်။

"ကဲ သားတို့သမီးတို့ရေ သုံးနာရီထိုးပြီးပြီ၊ ပြန်ကြရ အောင်"

ကျွန်မတို့ မိသားစုသည် ညနေရထားဖြင့် ရန်ကုန် ပြန်ရ ည်ဖြစ်၍ အချိန်လု၍ လေ့လာနေရသည်။

သို့အတွက် ကျွန်မတို့မိသားစုလည်း တည်းခိုရာ ဘိုးလေး းလှဆောင်တို့အိမ်ပြန်ခဲ့ကြသည်။ အိမ်ပြန်ရောက်သည့်အခါ ညနေလေးနာရီထိုးပြီ။

ကျွန်မတို့မိသားစုအားလုံး ခေတ္တနားကြသည်။

ထို့နောက် ရေမိုးချိုးထမင်းစားကာ မန္တလေးဘူတာသို့ င်းခဲ့ကြသည်။

ရထားမထွက်မီအချိန်ကလေးတွင် ကျွန်မစိတ်ထဲ၌ ည်ကျေးမှုနန်းတော် ယဉ်ကျေးမှု ပြတိုက်ကြီးသဖွယ်ဖြစ်သည့် နန်းစံကျော်ရွှေနန်းတော်ကို ပြန်လည်မြင်ယောင်လာသည်။ လွမ်း လို လည်းဖြစ်မိသည်။

မန္တလေးရန်ကုန်အမြန်ရထားကြီး ထွက်ခွာလာသည့်အခါ ွင်မူ ကျွန်မစိတ်တွင် မြန်မာ့ ထီးရိပ်နန်းရိပ်သင်္ကေတ အမှတ် သားများကို ပြန်လည်တမ်းတမိသယောင်ဖြစ်မိသည်။ ယဉ်ကျေး ရန့်များ သင်းပျံ့မွှေးထုံနေသော ပန်းခင်းလမ်းပေါ်တွင် ခရီးသွား ခွင့်ရသည့် လူငယ်ခရီးသည်တစ်ဦးအနေဖြင့် ထာဝရ အမှတ် ရနေမည်ဖြစ်ပေသည်။

မောင်ခိုင်ခန့်

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးနန်းတော်ကြီး ကျုံးမြို့ရိုးနှင့်တံတား





မြနန်းစံကျော်ရွှေနန်းတော်၏ ပုံစံပန်းချီ





မန္တလေးမြို့နန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီး



မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်းရှိ
သီဟာသနပလ္လင်တော်ကြီးနှင့် ပထမနန်းစံ
မင်းတုန်းမင်းတရားကြီး၏ ရုပ်တု


www.burmeseclassic.com

www.burmeseclassic.com





မြနန်းစံကျော့ရွှေနန်းတော်အတွင်းရှိ
မင်းတုန်းမင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး



မြနန်းစံတော့်ရွှေနန်းတော်ကြီးတွင် ပြသထားသည့်
နန်းတွင်းအသုံးအဆောင်ပစ္စည်းများ





မန္တလေးနန်းတွင်းရှိ ဗဟိုစည်မျှော်စင်နှင့် စစ်ဘေးစစ်ဒဏ်မှ
လွတ်ကင်းခဲ့သည့် အဆောက်အအုံ



နန်းတွင်းကျောက်စာရုံအတွင်းရှိ ရှေးဟောင်းကျောက်စာများ

www.burmeseclassic.com

www.burmeseclassic.com





မန္တလေးဘုတာကြီးအား လှပခံ့ညားစွာတွေ့ရစဉ်

## မှီငြမ်းကိုးကားသည့် စာအုပ်စာတမ်းများ


၁။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်၊ ၁၉၉၅ ခုနှစ်၊ စာပေဗိမာန်၊ ရန်ကုန်မြို့။

၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁) ၁၉၇၁ ခုနှစ်၊ စာပေဗိမာန်၊ ရန်ကုန်မြို့။

၃။ အရှင်ကေလာသ၏ မန္တလေးသာသနာဝင် (ပထမတွဲ)၊ ၁၉၈၀ ပြည့်နှစ်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်မြို့။

၄။ အရှင်ကေလာသ၏ မန္တလေးသာသနာဝင် (စတုတ္ထတွဲ) ၁၉၈၅ ခုနှစ်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန် မြို့။

၅။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း (အပိုင်း-၁)၊ ၁၉၈၈ ခုနှစ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်မြို့။

၆။ စာတော်ပြန်ဆရာသိန်း၏ သင်္ဂဇာစကားပုံပေါင်းချုပ်၊ ၁၃၂၄ ခုနှစ်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့။

၇။ လူထုဒေါ်အမာ၏ ကမ္ဘာ့အကြီးဆုံးစာအုပ်၊ ၁၉၇၃ ခုနှစ်၊ ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေးမြို့။

၈။ ရွှေဘိုမိမိကြီး၏ မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်၊ ၁၉၉၇ ခုနှစ်၊ စာပေဗိမာန်၊ ရန်ကုန်မြို့။

၉။ တင်မြင့်၏ ဝန့်ကျိုကို လှမ်းပါလို့ ပခန်းကိုဝင်ခဲ့တယ်၊ ၁၉၉၂ ခုနှစ်၊ စာပေဗိမာန်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

၀။ လူထုဒေါ်အမာ၏ သာသနာ့တန်ဆောင် ဆရာတော်ကြီးများ၊ ၁၉၉၄ ခုနှစ်၊ ကြီးပွားရေးစာအုပ်တိုက်၊ မန္တလေးမြို့။
၁။ သော်တာဆွေ၏ ပုဂံသူရဲကောင်းများ၊ ၁၉၉၃ ခုနှစ်၊ ရွှေပြည်တော် စာအုပ်တိုက်
၂။ တက္ကသိုလ်စိန်တင်၏ ပုဂံမှာ ကျန်စစ်သား၊ ၂၀၀၁ ခုနှစ်၊ (စတုတ္ထအကြိမ်) ဂုဏ်ထူးစာပေတိုက်၊ ရန်ကုန်မြို့။
၃။ မြောင်မြို့ဘုရားသုံးဆူသမိုင်းစာအုပ်၊ ၁၃၂၂ ခုနှစ်၊ ရတနာဒီပ ပိဋကတ်ပုံနှိပ်တိုက်၊ မန္တလေးမြို့။
၄။ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏ ကျောက်ရစ်ရွှေပေါင်လောင်း ဘုရားကြီးသမိုင်း၊ ၁၉၉၈ ခုနှစ်၊ သာသနာရေးဦးစီးဌာန၊ ရန်ကုန်မြို့။
၅။ မြရိပ်ညိုမဂ္ဂဇင်း၊ ၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ။
၆။ လမ်းစဉ်သတင်း၊ အတွဲ (၂၃) အမှတ် (၇)၊ ၁၉၈၅ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်၊ ရန်ကုန်မြို့။
၇။ ကိုယ်တိုင်သွားရောက်တွေ့ဆုံ မေးမြန်းချက်များ

BURMESE CLASSIC .com

www.burmeseclassic.com